DHAMMAVIJJĀLAYA

2546 2003

CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၀၈)

# ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၀၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၀၉၃

## ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/ ၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# မှုခွစွမ်းအား ညာဏ်ဆယ်ပါး

သာသနာတော်နှစ် ၂၅၅၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လဆန်း ၁၀-ရက်၊ ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၁၇-ရက်၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်၊ အမှတ် ၉-နယ်မြေ သန္တိသုခမွှောရုံ ဝါတွင်းဆွမ်းလောင်း အောင်ပွဲ ဓမ္မပူဇာသဘင်၌ အင်းစိန်မြို့နေ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးကိုကိုဦး+ဒေါ်အေးအေးမြင့် သမီး မအင်ကြင်းမွှေး ဒိနန္တာဝင်း၊ သားမောင်မင်းသိန်းကျော် မိသားစု၊ ကွယ်လွန်သူမိဘနှစ်ပါးဖြစ်ကြသော ဦးဝင်းမောင်+ဒေါ်စိန်းနုတို့အား ရည်စူး၍ သမီး ဒေါ်နီနီဝင်း မိသားစု၊ နှစ်ဖက်သောမိဘများဖြစ်ကြသော ဦးထွန်းဖေ+ဒေါ်မြသိန်း၊ ကွယ်လွန်သူ ဦးသိန်း+ဒေါ်ကြည်တို့ အားအမှူးထား၍ ဦးလှစိုး+ဒေါ်ငြိမ်း သမီး မရိုးရိုးခိုင်၊ မတင်မိုးခိုင်၊ မသင်းခိုင် မိသားစုနှင့် ရွာမနေ ဦးလေး ရှယ်ကွမ်းယာမိသားစု၊ ရွာမအလယ်နေ မိခင်ကြီး ဒေါ်ဝင်းကြည် အသက် ၇၈-နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ရဲရွှမ်းသတ္တိ ဦးဒီယိုနဲ့မိသားစုတို့၏ အမတာဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

"ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး"တဲ့၊ ပါဠိစာပေမှာ **တထာဂတဗလ** ဆိုတဲ့အမည်နဲ့ မြတ်စွာဘုရားရဲ့ ဉာဏဗလ ဉာဏ်စွမ်းအားဆယ်မျိုးကို ရှင်းလင်းဟော ကြားထားတာ ရှိတယ်၊ အားလုံး ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ ကြည်ညိုကိုးကွယ်ကြတဲ့ မြတ်စွာ ဘုရားမှာ **ကာယဗလ** လို့ ခေါ်တဲ့ ခန္ဓာကိုယ်ရဲ့ အင်အားနဲ့ **ဉာဏဗလ** လို့ ခေါ်တဲ့ အသိဉာဏ်ရဲ့ စွမ်းအားဟာ သူမတူအောင် ကြီးမားတယ်ပေါ့၊ အဲဒီ ထဲမှာ ဉာဏဗလလို့ ခေါ်တဲ့ ဉာဏ်ရဲ့စွမ်းအားဟာ အင်မတန်မှထက်မြက်လို့ မြတ်စွာဘုရားသခင်ကိုယ် တော်မြတ်နဲ့ တွေ့ကြုံကြရလို့ တရားဓမ္မ နာယူလိုက် ကြရတဲ့ပုဂ္ဂိုလ်တွေဟာ လွယ်လွယ်ကူကူ မြန်မြန် ဆန်ဆန်နှင့် အကျွတ်တရားကို ရရှိသွားနိုင်ကြတယ်၊ မြတ်စွာဘုရားဉာဏ်တော်ရဲ့အထောက်အကူပြုမှုဟာ အင်မတန်မှ ကြီးကျယ်တယ်လို့ ပြောရမယ်၊ မြတ်စွာ ဘုရားရဲ့တရားကို နာလိုက်ရလို့ လွယ်ကူမှုရှိပေမယ့် အခြားအခြားပုဂ္ဂိုလ်များရဲ့တရားကို နာယူတဲ့အခါမှာ

အဲဒီလောက် လွယ်ကူမှု မရှိဘူးဆိုတာ သက်သေ သက္ကာယ သာဓက အထောက်အထားတွေ ရှိတယ် ပေါ့။

ဆိုပါစို့- စူဠပန္ထက ဆိုတဲ့ရဟန်းတော်လေးဟာ ဘဝဝင်မှုကြွေးလည်း ပါတယ်၊ သာသနာဘောင်ဝင် ရောက်ပြီးတော့ရဟန်းဖြစ်လာတဲ့အချိန်မှာ သူ့ရဲ့အသိ ဉာဏ်တွေဟာ အင်မတန်မှ လေးလံထိုင်းမှိုင်းသွား တယ်၊ လေးလံထိုင်းမှိုင်းသွားသည့် အတွက်ကြောင့် ဂါထာလေးတစ်ပုဒ်ကို လေးလကျက်တာတောင် မရ နိုင်ဘူး၊ မရနိုင်သည့်အတွက်ကြောင့် သူ့ရဲ့နောင် တော်က သာသနာတော်နဲ့ မတန်ဘူး၊ အိမ်ပြန်တော့ လို့ နှိုင်းလိုက်တယ်၊ မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်က သူ့ရဲ့အသိဉာဏ်တံခါးကို ဘယ်လို ဖွင့်ပေးရ မလဲဆိုတာ သိတယ်၊ သူ့ရဲ့နောင်တော် မဟာပန္ထက လို့ဆိုတဲ့ ရဟန္တာကြီးက ဒီဉာဏ် မရှိဘူး၊ မရှိသည့် အတွက်ကြောင့် သူ့ညီတော်ကို သာသနာတော်နဲ့ မတန်ဘူးဆိုပြီး အိမ်ပြန်ခိုင်းပေမယ့်လို့ မြတ်စွာဘုရား

သခင်ကိုယ်တော်မြတ်က ဘယ်လို ဉာဏ်ရည်ဉာဏ်သွေးတွေ တက်လာအောင် လုပ်ရမယ်ဆိုတာ သိရှိတော်မူတဲ့အတွက်ကြောင့် တန်ခိုးတော်နဲ့ ဖန်ဆင်းထားတဲ့ပုဝါပိုင်းလေး ပေးပြီး ဩဒါတကသိုဏ်း ရှုစေတယ်၊ ပြီးတဲ့အခါမှာ စတုတ္ထစျာန်ရရှိပြီးတဲ့နောက် ဝိပဿနာသို့ ကူးပြောင်းခြင်းဖြင့် ရှင်စူဠပန်ဟာ တစ်ခဏလေးအတွင်းမှာပဲ ဉာဏ်ရည်ဉာဏ်သွေးတွေ ထက်ထက်မြက်မြက်ဖြစ်လာတယ်၊ မဂ်လေးပါး ဖိုလ်လေးပါး မျက်မှောက်ပြုပြီးတော့ ရဟန္တာ ဖြစ်သွားတယ်၊ ဒီလို မြတ်စွာဘုရားရဲ့ဉာဏ်တော်ဆိုတာ အင်မတန်မှ စွမ်းပကား ကြီးမားတယ်ပေါ့။

ပြီးတော့ အားလုံးသိကြတဲ့အတိုင်း သုဝဏ္ဏကာရပုတ္တ ရွှေပန်းတိမ်သည်သား ရဟန်းတော်လေးဟာ ရှင်သာရိပုတ္တရာမထေရ်မြတ်ထံ ရဟန်းခံပြီးတော့ ရဟန်းဘဝရောက်လာတယ်၊ အဲဒီရဟန်းတော်လေးကို ရှင်သာရိပုတ္တရာက ကမ္မဋ္ဌာန်းပေးတယ်၊ လူငယ်လူရွယ်တွေဆိုတာ အလှအပကို မက်မောတတ်

တယ်၊ ဒါကြောင့်မို့ အလှအပမက်မောတဲ့ ရာဂတွေ မဖြစ်ဖို့ဆိုပြီးတော့ အလှအပကို မက်မောတွယ်တာတဲ့တဏှာကို နှိမ်ဖို့ ဆိုပြီးတော့ အသုဘကမ္မဋ္ဌာန်းကို ပေးတယ်၊ သူလည်းပဲ လေးလကြာလောက်အောင် တရားမွေ့ အားထုတ်သော်လည်းပဲ သမာဓိတောင် မရနိုင်ဘဲ ဖြစ်တယ်။

မြတ်စွာဘုရားဆီ ရောက်သွားတဲ့အခါကျတော့ သူ့ရဲ့ဘဝဇာတ်ကြောင်းကို မြတ်စွာဘုရားက ပြန်ပြောင်းဆင်ခြင်သုံးသပ်လိုက်တဲ့အခါ ဒီပုဂ္ဂိုလ်နဲ့ အသုဘကမ္မဋ္ဌာန်းနဲ့ မတန်ဘူး၊ ဘာဖြစ်လို့လဲ၊ သူက အမြဲတမ်း အလှအပ စိတ်ဝင်စားနေတဲ့ပုဂ္ဂိုလ်၊ မလှမပ ရွံစရာတွေကို ကြည့်နေရရင် သူ ဘယ်တော့မှ စိတ်ဝင်စားမှာ မဟုတ်ဘူးဆိုပြီး အင်မတန်လှပတဲ့ ကြာပန်းကြီးတစ်ခုကို ဖန်ဆင်းပေးလိုက်တယ်၊ အဲဒီကြာပန်းကြီးရဲ့ အရောင်အဆင်းဖြစ်တဲ့ လောဟိတကသိုဏ်းကို ရှုပွားရင်း စိတ်တွေ တည်ငြိမ်ပြီးတော့ နောက်ဆုံးမှာ အဲဒီကြာပန်းကြီးရဲ့ ပြောင်းလဲပျက်စီး

သွားတဲ့ အနိစ္စသဘောတွေကို ရှုမြင်သုံးသပ်ခါ ဝိပဿနာသို့ ကူးပြောင်းပြီးတော့ သူလည်း တစ်ခဏအတွင်းမှာပဲ ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားတယ်။

ဗုဒ္ဓရဲ့ဉာဏ်တော်ဟာ သူမတူအောင် ထက်မြက်တာမို့ ကျန်တဲ့ပုဂ္ဂိုလ်တွေနဲ့ ယှဉ်လို့ မရဘူးဆိုတာ ဘုန်းကြီးတို့တတွေ သိရှိပြီးတော့ အင်မတန်မှ ကြည်ညိုကြရမှာပေါ့။

စာပေကျမ်းဂန်မှာ **တထာဂတ**ဗလလို့ သုံးတယ်၊ **တထာဂတ**ဆိုတာ မြတ်စွာဘုရားကို ရည်ညွှန်းတဲ့စကားလုံးတစ်ခုပဲ၊ ထေရဝါဒ ဗုဒ္ဓသာသနာမှာတော့ **တထာဂတ**ကိုလည်း သုံးတာပဲ၊ **သမ္မာသမ္ဗုဒ္ဓ** ကိုလည်း သုံးတာပဲ၊ ဗုဒ္ဓကိုလည်း သုံးတာပဲ၊ သို့သော်လည်း အထူးအားဖြင့် မဟာယာနကျမ်းစာတွေမှာဆိုရင် **တထာဂတ**ဆိုတဲ့အသုံးကို တော်တော်များများသုံးတာ တွေ့ရတယ်။

**တထာဂတ**ဆိုတာ အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုထားတာ ရှိတယ်၊ **တထာဂတ**အဓိပ္ပါယ်တစ်ခုက

မှန်တဲ့အတိုင်း ပြောတတ်သူလို့ အဓိပ္ပါယ်ရတယ်၊ မှန်တဲ့စကားကို ပြောတတ်သူ (သို့မဟုတ်) အမှန်တရားကို ဟောကြားတတ်သူလို့ အဓိပ္ပါယ်ရတယ်။

နောက်အဓိပ္ပါယ်တစ်ခုကတော့ **တထာ အာဂတ** လို့ ပုဒ်ဖြတ်ပြီးတော့ ရှေးကဘုရားတွေ သိရှိလာတဲ့ လမ်းကြောင်းအတိုင်း, အဲဒီက ကျင့်လာတဲ့ ကျင့်စဉ်တွေအတိုင်း ကျင့်ပြီးတော့ ဘုရားအဖြစ် ဖြစ်လာသူလို့ ဒီလိုအဓိပ္ပါယ်လည်း ရတယ်။

နောက်တစ်ခုက ဘာလဲဆိုရင် **ယထာဝါဒီ တထာကာရီ၊** ပြောတဲ့အတိုင်း လုပ်တယ်၊ လုပ်တဲ့အတိုင်း ပြောတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့လည်း **တထာ-ဂတ**ဆိုတဲ့ အဓိပ္ပါယ်သုံးတယ်။

နောက်တစ်ခုက ဟောသမျှတရားတွေဟာ ဘယ်တော့မှ မမှားဘူး၊ အားလုံးဟာ အမှန်တွေ ချည်းပဲ၊ မှားယွင်းတဲ့တရားဆိုတာ တစ်ခုတလေမှ မရှိဘူးဆိုတဲ့အဓိပ္ပါယ်နဲ့လည်း **တထာဂတ** ဆိုတဲ့ အဓိပ္ပါယ်ကို သုံးတယ်ပေါ့။

မြတ်စွာဘုရားက သူ့ကိုယ်သူ ရည်ညွှန်းတဲ့ အခါမှာ တစ်ခါတရံကျတော့ **'အဟံ'** 'ငါ'ဆိုတဲ့ အသုံးကို သုံးပေမယ်လို့ နေရာ တော်တော်များများ မှာ **'တထာဂတော'**ဆိုတဲ့ စကားလုံးကို သုံးလေ့ရှိ တယ်၊ သူ့ကိုယ်သူကို ရည်ညွှန်းပြီးတဲ့အခါမှာ **'တထာဂတ'**ဆိုတဲ့ အသုံးကို သုံးတယ်၊ ဒါက စာပေ ကျမ်းဂန်မှာသုံးပုံနဲ့ ပတ်သက်ပြီးတော့ မှတ်သားစရာ လေးတစ်ခုပေါ့။

အခု ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါးကို စာပေ ကျမ်းဂန်မှာ **'တထာဂတဗလ'**ဆိုတဲ့ အမည်နဲ့ ဖွင့်ဆို ထားတယ်၊ မဇ္ဈိမနိကာယ် မဟာသီဟနာဒသုတ်မှာ လည်းပါတယ်၊ အင်္ဂုတ္တရနိကာယ် မဟာသီဟနာဒ သုတ်မှာလည်း ပါတယ်၊ တထာဂတဗလကို အသေး စိတ် ဖွင့်ဆိုရှင်းပြထားတာကတော့ အဘိဓမ္မာ ၇- ကျမ်းမှာ အပါအဝင်ဖြစ်တဲ့ ဝိဘင်္ဂကျမ်း (မြန်မာ ပြည်မှာတော့ ဝိဘင်းကျမ်းလို့ ခေါ်တယ်) မှာလည်းပဲ **ဉာဏဝိဘင်္ဂ** ဆိုတဲ့နေရာမှာ ဟောဒီ **တထာဂတဗလ**

ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါးကို အသေးစိတ်ဖွင့်ဆိုပြီး တော့ ရေးသားဖော်ပြထားတယ်။

ဘုန်းကြီးတို့ ဒီကနေ့ အဲဒီဆိုင်ရာဆိုင်ရာ ကျမ်းဂန်တွေနဲ့ ဆိုင်ရာဆိုင်ရာ ကျမ်းစာတွေမှာလာ တဲ့ အဖွင့်အဋ္ဌကထာတွေကို ကြည့်ရှုပြီး အနှစ်သာရ ထုတ်ပြီးတော့ နားလည်အောင် သိရှိကြည်ညိုကြရ အောင် ဟောဖို့ ရည်ရွယ်လာပါတယ်၊ **တထာဂတ ဗလ**ကိုပဲ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါးလို့ အမည်ပေး ပြီး ဟောပါ့မယ်၊ **တထာဂတဗလ**ဆိုတာ ဗုဒ္ဓစွမ်း အားပဲ၊ ဗုဒ္ဓစွမ်းအားဆိုတာ ကာယဗလနဲ့ ကွဲပြားခြား နားစေလို၍ "ဉာဏ်ဆယ်ပါး"လို့ ဒီလိုမှတ်သားကြ ရမယ်။

မြတ်စွာဘုရားမှာ ဉာဏ်ဟာ တစ်မျိုးတည်း မကဘူး၊ ၁၀-မျိုးတောင် ရှိတယ်၊ ၁၀-မျိုးဆိုတာ **တထာဂတဗလ** အနေနဲ့ ၁၀-မျိုး ပြောတာ၊ တခြား နည်းနဲ့ဆိုရင် ဗုဒ္ဓရဲ့ဉာဏ်တော်တွေဟာ မြောက်မြား စွာ ရှိသေးတယ်ပေါ့၊ **ဆ သာဓာရဏ** ဘယ်သူနဲ့မှ

မတူတဲ့ဉာဏ်က ၆-မျိုးဆိုတာတို့, သဗ္ဗညုတဉာဏ်တော်ကြီးတို့ဆိုတာတွေ ရှိသေးတယ်ပေါ့နော်၊ ဒီနေရာမှာ သိရှိကြည်ညိုဖို့ရာအတွက်ကတော့ 'တထာဂတဗလ' လို့ ခေါ်တဲ့ ဒသဉာဏဗလ ဉာဏ်တော် ၁၀-ပါးကို ဘုန်းကြီးတို့တွေ ဟောမှာပါ။ သတ္တဝါတွေကို ချေချွတ်တဲ့အခါမှာ မြတ်စွာဘုရားက တရားဟောတဲ့အခါမှာ အသုံးပြုတဲ့ ဒီဉာဏ်တော်ကြီး ၁၀-မျိုးဟာ အင်မတန်မှ သိရှိကြည်ညိုဖို့ ကောင်းတယ်။

ဒီဉာဏ်တော်ကြီး ၁၀-ပါးကို အသုံးပြုပြီးတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ဟာ ဝေနေယျသတ္တဝါတွေ နားလည်အောင် သံသရာဝဋ်က လွတ်မြောက်အောင် ထူးခြားတဲ့အသိဉာဏ်တွေ ရအောင် ဆိုပြီးတော့ ရှင်းလင်းဟောကြားတော်မူတာ။

ဒီ တထာဂတဗလလို့ ခေါ်တဲ့ ဗုဒ္ဓရဲ့စွမ်းအား ရှိသဖြင့် မြတ်စွာဘုရားဟာ ဘာတွေလုပ်နိုင်တာလဲလို့ သိချင်ကောင်း သိချင်ကြလိမ့်မယ်၊ ထိုထိုသုတ္တန်မှာ အကျဉ်းချုပ်ပြောထားတာ အချက် ၃-ချက်ရှိတယ်။

ဟောဒီ စွမ်းအားသုံးမျိုးကြောင့် မြတ်စွာဘုရား ဟာ နံပါတ်တစ် **'အာသဘံ ဌာနံ ပဋိဇာနာတိ'** တဲ့၊ တကယ့်ကို ထိပ်တန်းကိစ္စကြီးတွေမှာ ရဲရဲတောက် တောက် ဝန်ခံရဲတယ်၊ ပြောကြားရဲတယ်၊ လောက လူတွေဆိုတာ ဝန်ခံရဲတာ မဟုတ်ဘူး၊ မြတ်စွာဘုရား က တကယ့်ကို အမြင့်ဆုံးအဆင့်မှာကိုပဲ ဘာပဲဖြစ် ဖြစ် ဝန်ခံပြောကြားရဲတယ်။

ဥပမာမယ်ဆိုပါတော့ - ဘုရားကို ပြဿနာ တစ်စုံတစ်ခု သိချင်လို့ မေးချင်ပါတယ်လို့ ဆိုလို့ရှိရင် မြတ်စွာဘုရားတွေက ဘယ်လို အမိန့်ရှိတုန်းဆိုရင် **"ပုစ္ဆာဝုသော ယဒါကင်္ခသိ"**တဲ့၊ "မင်း မေး ချင်တာ မေး"၊ 'မင်းမေးချင်တာ မေး'လို့ ဆိုတဲ့ စကားဟာ အရပ်ထဲ ကလူတွေကတော့ မစဉ်းမစား ပြောကောင်း ပြော ကြလိမ့်မယ်၊ သို့သော် ရှင်သာရိပုတ္တရာတောင် အဲဒီ လို မပြောရဲဘူး၊ ဘုရားပြီးရင် ဉာဏ်ရည်ဉာဏ်သွေး အထက်ဆုံးလို့ ဆိုရတဲ့, ပညာအရာမှာ တေဒဂ်ရတဲ့ ရှင်သာရိပုတ္တရာတောင်မှပဲ **"ပုစ္ဆာဝုသော ယဒါကင်္ခသိ"**

"မင်း သိချင်တာ မေး"ဆိုတဲ့ စကား မပြောရဲဘူး၊ ရှင်သာရိပုတ္တရာက ဘယ်လိုပြောတုန်း "ပုစ္ဆ သုတွာ ဇာနိဿာမ" "မေးပါ"တဲ့၊ "မေးခွန်းကို နားထောင်ပြီးတော့မှပဲ ဖြေနိုင်တယ်၊ မဖြေနိုင်ဘူး ပြောပါ့မယ်" တဲ့၊ ဟော လျှော့လျှော့လေး ဝန်ခံရတယ်၊ မြတ်စွာဘုရားကျတော့ အဲဒီလို မဟုတ်ဘူး၊ "အာသဘံ ဌာနံ ပဋိဇာနာတိ" တကယ့်ကို ထိပ်တန်းနေရာကနေပြီးတော့ ရဲရဲတောက် ဝန်ခံပြောကြားနိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်။

ဘာကြောင့် ဒီလိုပြောနိုင်တာတုန်းလို့ ဆိုလို့ရှိရင် အခုပြောခဲ့တဲ့ ဉာဏ်တော် ၁၀-ပါးရဲ့ စွမ်းပကားကြောင့်ပဲလို့ ဒီလိုပြောရမယ်၊ ဒီဉာဏ် ၁၀-ပါးတင် ရှိတာ မဟုတ်ဘူး၊ မြတ်စွာဘုရားမှာ သဗ္ဗညုတဉာဏ်ဆိုတာ ရှိသေးတယ်။

သဗ္ဗညုတဉာဏ်နဲ့ ပတ်သက်ပြီးတော့ နည်းနည်း ဗဟုသုတရှိအောင် ဖြည့်စွက်ပြီး ပြောရမယ် ဆိုရှိရင် 'သဗ္ဗညု'ဆိုတာ အရာခပ်သိမ်းကို သိတယ်

လို့ ဒီလိုပြောတယ်၊ အရာခပ်သိမ်းကို သိတဲ့ ဉာဏ်ကို သဗ္ဗညုတဉာဏ်လို့ ဒီလိုခေါ်တာ။

ကောင်းပြီ - သဗ္ဗညုတဉာဏ်ကို အဲဒီခေတ်ကာလတုန်းက မြတ်စွာဘုရားနဲ့ တစ်ခေတ်တည်းပေါ်လာတဲ့ ဘာသာရေးခေါင်းဆောင်လို့ ပြောရမယ့် **အညတိတ္ထိယဆရာကြီးတွေ၊** အများက **'သာဓုသမ္မတော'** 'သူတော်ကောင်းကြီးတွေ'လို့ သတ်မှတ်ထားတဲ့ ပူရာဏကဿပတို့ မက္ခလိဂေါသာလတို့၊ သူတို့ပြောတဲ့သဗ္ဗညုတဉာဏ်က ဘယ်လို သဗ္ဗညုတဉာဏ်တုန်းဆိုလို့ရှိရင် သူတို့မှာတဲ့ ဉာဏ်အမြင်ဟာ အမြဲတမ်း ထင်ဟပ်နေတယ်၊ သူတို့မှာ ဉာဏ်ကြီးက အမြဲတမ်းလင်းထိန်နေတယ်၊ သူတို့ဉာဏ်က အမြဲသိနေတယ်၊ မီးထွန်းထားသလို အမြဲလင်းနေတယ်၊ အမြဲသိနေတယ်၊ ဘယ်လောက်ထိအောင် အမြဲသိနေတုန်းဆိုရင် သွားနေရင်လည်း သိတယ်၊ ထိုင်နေရင်လည်း သိတယ်၊ ရပ်နေရင်းလည်း သိတယ်၊ လျှောင်းနေရင်လည်း သိတယ်၊ နောက်ဆုံးကျတော့

အိပ်နေရင်လည်း သိတယ်တဲ့၊ ဒီလိုဆိုတော့ သူတို့ ဉာဏ်က အိပ်နေတုန်းသိတဲ့ဉာဏ်ဆိုတာ ဘယ်လို လုပ် ဖြစ်နိုင်မလဲနော်၊ အိပ်နေရင်းလည်း သိတယ်၊ နိုးနေရင်းလည်း သိတယ်တဲ့။

အဲဒီလိုဉာဏ်မျိုးကတော့ မရှိနိုင်ဘူး၊ ဘုန်းကြီး တို့တတွေဟာ အိပ်ပျော်နေတဲ့အချိန်မှာ အသိဉာဏ် ရှိပါ့မလားနော်၊ အိပ်နေတဲ့အချိန်မှာ ဘာမှ ဒီလူက သိတာမှ မဟုတ်ဘဲ၊ ကဲ သိလို့ရှိရင် အိပ်နေတုန်းမှာ အိမ်မှာတက်ပြီး သူခိုးခိုးသွားတာတွေ မရှိဘူးလား၊ မသိလိုက်လို့ ခံလိုက်ကြရတာလား၊ သိရဲ့သားနဲ့ ခံရ တာလား၊ သိမှ မသိတာနော်၊ ဒါပြင်ဟာ သိဖို့ နေနေ သာသာ ကိုယ်အိပ်ပျော်နေတဲ့အချိန် ဘာလုပ်သွား မှန်းတောင် မသိလိုက်ဘူး၊ အဲဒီတော့ ဒီဆရာကြီး တွေကတော့ သူတို့အိပ်ပျော်နေရင်လည်း သူတို့ အသိဉာဏ်ကြီးဟာ လင်းထိန်နေတယ်တဲ့ ဆိုတော့ အဲဒီသဗ္ဗညုတဉာဏ်မျိုးကိုတော့ ဗုဒ္ဓက လက်မခံဘူး။

မြတ်စွာဘုရားလက်ခံတဲ့ သဗ္ဗညုတဉာဏ်

ဆိုတာ ဘယ်လိုတုန်းဆိုရင် သိချင်လို့ ကြည့်လိုက်ပြီ ဆိုရင် အတားအဆီး မရှိဘူး။ ဘယ်ကိစ္စ သိချင် သိချင်, ဘယ်လောက်ကွာလှမ်းတဲ့အရာကကိစ္စပဲ သိချင် သိချင်, ဘယ်လောက်ဝေးလံတဲ့အတိတ်ကဟာပဲ သိချင် သိချင်, ဘယ်လောက်ဝေးလံတဲ့ အနာဂတ်ကဟာပဲ သိချင် သိချင်၊ သိချင်လို့ ကြည့်လိုက်လို့ရှိရင် မြတ်စွာဘုရားရဲ့ဉာဏ်တော်ကြီးဟာ အတားအဆီး အပိတ်အပင် မရှိဘူး။ အကုန်သိတယ်လို့ ဒီလို ပြောတာနော်၊ ဆိုလိုတာက အသုံးချမယ်ဆိုရင် အဟန့်အတား လုပ်နိုင်တဲ့အရာ မရှိဘူး။

ဘုန်းကြီးတို့တတွေရဲ့ အသိဉာဏ်ဆိုတာက ဘယ်လောက်မှ ဝေးတာ မဟုတ်ဘူး၊ ပိတ်ဆို့သွားတာ၊ ဟိုဘက်ကို မသွားနိုင်ဘူး၊ ကိုယ်သိတာ နည်းနည်းလေး၊ တစ်ထွာတစ်မိုက်လောက်ပဲ သိတယ်၊ ဟိုဘက်ရောက်ဖို့ တော်တော်ခက်တယ်နော်၊ သိဖို့ဆိုတာ အင်မတန်ခက်တယ်။

မြတ်စွာဘုရားက သိချင်လို့ ကြည့်လိုက်တာနဲ့

တစ်ပြိုင်နက် အပိတ်အဆို့ အတားအဆီး ဘာမှ မရှိဘူး၊ အကုန်သိတယ်၊ "ယာဝတကံ ဉေယျံ တာဝတကံ ဉာဏံ' သိစရာတွေ ရှိသလောက် ဉာဏ်ကြီးက လိုက်သိနေတယ်တဲ့နော်၊ "ယာဝတကံ ဉာဏံ တာဝတကံ ဉေယျံ" အသိဉာဏ်ကြီး ရှိသလောက် သိစရာတွေလည်း ပေါ်တယ်။

ဘုန်းကြီးတို့တတွေမှာတော့ သိစရာတွေက တစ်ပုံကြီး၊ သိတာလေးက နည်းနည်းလေး၊ ဒီလို ဆိုလိုတာနော်၊ သိစရာတွေက မရေမတွက်နိုင် လောက်အောင် များတယ်၊ သိတဲ့ဉာဏ်က နည်းနည်းလေးပဲ ရှိတယ်၊ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးက ဒီလို ရှိတာကိုး၊ သဗ္ဗညုတဉာဏ်ကတော့ သိချင်တာ အကုန်သိတယ်။

အခုပြောမယ့် ဒသဗလဉာဏ် တထာဂတဗလ ဆိုတာကျတော့ ဆိုင်ရာဆိုင်ရာ ကိစ္စတွေကို သူက တစ်ခုစီ တစ်ခုစီ မတူညီတဲ့အချက်တွေကို သိတာ၊ ဒါလည်း လိုအပ်တာပဲ၊ သူ့ကိစ္စနဲ့ သူ ခွဲခြားပြီးတော့

သိတာ၊ အကုန်လုံးခြုံသိတဲ့ဉာဏ်က တစ်မျိုး၊ တစ်ခုစီ တစ်ခုစီမှာ ထူးထူးခြားခြား သိတဲ့ဉာဏ်က တစ်မျိုးလို့ ဒီလိုမှတ်ရမှာပေါ့။

အဲဒီတော့ မြတ်စွာဘုရားဟာ နံပါတ်တစ် **"အာသဘံ ဌာနံ ပဋိဇာနာတိ"** တဲ့၊ တကယ့်ကို ထိပ်တန်းအကျဆုံး အရာဌာနကိုပါ ဝန်ခံပြောကြား နိုင်တဲ့ ဝန်ခံနိုင်တဲ့စွမ်းရည်သတ္တိရှိတယ်၊ ဘာကြောင့် ဝန်ခံနိုင်တာတုန်းဆို ဒီဉာဏ်ကြောင့်ပဲ၊ ဒီဉာဏ်တွေ ကြောင့် ဝန်ခံနိုင်တာတဲ့။

နောက် ဒုတိယက နံပါတ်နှစ်က ဘာတုန်း ဆိုရင် **"ပရိသာသု သီဟနာဒံ နဒတိ"**တဲ့၊ ပရိသတ် တွေရဲ့အလယ်မှာ မကြောက်မရွံ့ ဟောပြောရဲတယ်၊ ဒါ လူတွေက ထင်မယ်၊ တချို့လည်း ဟောပြောတာ ပဲပေါ့၊ ပရိသတ်မကြောက်ဘူး၊ ပရိသတ် မကြောက် တိုင်း ဒါမျိုးကို ဆိုလိုတာ မဟုတ်ဘူးနော်၊ ပရိသတ် ဆိုတဲ့နေရာမှာ သူ မကြောက်တာ လူပရိသတ်ပဲ မကြောက် ရှိမယ်၊ မြတ်စွာဘုရားက မကြောက်မရွံ့

ရဲရဲဝံ့ဝံ့ပြောနိုင်တယ်ဆိုတာ ဘုန်းတန်ခိုးအလွန်ကြီးမားတဲ့ နတ်ဗြဟ္မာပရိသတ်ကိုလည်း မကြောက်ဘူး၊ လူတွေက နတ်ဗြဟ္မာမပြောနဲ့ သရဲတစ်ကောင်လာရင်တောင် အကုန်ထပြေးကုန်မှာနော်။

ဒီ 'ပရိသာသု သီဟနာဒံ နဒတိ' ဆိုတာ သာမန်ပရိသတ်ကလေးမှာ မကြောက်တာကို ဆိုလိုတာ မဟုတ်ဘူး၊ ပရိသတ်ဆိုတဲ့နေရာမှာ လူပရိသတ်တင် မကဘူး၊ တကယ့်ကို လူထဲမှာလည်းပဲ မင်းစိုးရာဇာပရိသတ်၊ အထက်တန်းကျလှတဲ့ ဗြာဟ္မဏပရိသတ်တွေ၊ အထက်တန်းကျလှတဲ့ ပညာရှိတွေ၊ နတ်ပြည်က နတ်ပရိသတ်တွေ ဗြဟ္မာတွေ၊ အင်မတန် ဘုန်းတန်ခိုးကြီးတဲ့ အစွမ်းထက်တဲ့ ဒီလို ပရိသတ်တွေကြားထဲမှာကိုပဲ ရဲဝံ့တဲ့စကားကို ပြောနိုင်တယ်။

ကြည့်လေ မြတ်စွာဘုရားက တစ်ခါတုန်းက ဗကဆိုတဲ့(အောင်ခြင်းရှစ်ပါးထဲမှာပါတဲ့) ဗြဟ္မာကြီးဟာ သူ့ဗြဟ္မာ့ပြည်မှာ သူ ဘာတွေ့ပြောနေတုန်း

ဆိုရင် သူနဲ့တွေ့တဲ့ ဗြဟ္မာတိုင်းကို ပြောတယ်၊ "ဟော့ ဒီဗြဟ္မာ့ဘုံဟာ နိစ္စထာဝရ၊ ဘယ်တော့မှ ပြောင်းစရာ မလိုတော့ဘူး၊ ဘယ်တော့မှ ပြောင်းရွှေ့တာ မရှိတော့ဘူး၊ ဒါ နိစ္စထာဝရ နေရမယ့်ဘုံကြီး တို့ ရောက်နေပြီ"လို့ ဒီလိုပြောတာ၊ သူပြောနေတာတွေကို မြတ်စွာဘုရားက ကြားရတဲ့အခါမှာ ဒီဗြဟ္မာကြီးကိုတော့ ငါ တက်ပြီး ဆုံးမရဦးမယ်ဆိုပြီးတော့ ကြွသွားတယ်။

မြတ်စွာဘုရားလာတယ် ဆိုကတည်းက ဟိုက အံ့သြသွားတယ်၊ အံ့သြသွားတော့ ခုခေတ်လို ပြောရင် ကြိုဆိုတယ်၊ welcome လုပ်တယ်၊ ကြိုဆိုတဲ့အခါမှာ သူက ဘယ်လိုပြောတုန်းဆိုရင် "အရှင်ဂေါတမ ကြွလာတာ အလွန်ကောင်းတယ်၊ ဒီဘုံဟာ နိစ္စထာဝရဘုံပဲ၊ ဘယ်တော့မှ မအိုဘူး၊ ဘယ်တော့မှ မနာရဘူး၊ အလွန်ခိုင်မြဲတဲ့နေရာပဲ"နဲ့ ပြောတော့ မြတ်စွာဘုရားက ဘာပြောတုန်းဆိုရင် "ဟော့ ဗက ဗြဟ္မာဟာ တော်တော့ကိုမသိတဲ့ မောဟအဝိဇ္ဇာတွေ

ဖုံးနေတာပဲ၊ ဘာမှမသိတဲ့ ဖြဟ္မာကြီးပဲ"နဲ့ ဖြဟ္မာပရိသတ်ကြားထဲမှာ"ဘာမှမသိတဲ့ဖြဟ္မာ"လို့ "အဝိဇ္ဇာမှောင်ထဲ ရောက်နေသူ"လို့ ပြောခံလိုက်ရတဲ့အခါ ဘုန်းကြီးတို့တတွေပဲ စဉ်းစားကြည့်၊ လူပရိသတ်ထဲမှာ "မင်း ဘာမှသိတဲ့ကောင် မဟုတ်ဘူး"လို့ ပြောခံရရင် ဘယ်နှယ့်နေပ့ါမလဲ၊ အေး ဗကဖြဟ္မာကြီးကလည်း သူ့ကို အဲဒီလို ပြောခံလိုက်ရတယ်။

အဲဒီလို ပြောနိုင်တယ်ဆိုတာ ရမ်းပြောတာ မဟုတ်ဘူး၊ သူ့အကြောင်းကို အကုန်သိထားတာ၊ သူ့အကြောင်းဆိုတာ သိဖို့ အင်မတန် ခဲယဉ်းတယ်၊ ဘာဖြစ်လို့တုန်းဆို သူ့သက်တမ်းက ဘယ်လောက်ကြာတုန်းဆို တမေ့တမောကြီး ကမ္ဘာချီ ကြာတာကိုး၊ အဲဒါကို မြတ်စွာဘုရားက ဟောနိုင်တယ်၊ "မင်းက ဒီဖြဟ္မာဘုံ မရောက်ခင်က ဘယ်ဘုံက သေလာတာ၊ အဲဒီဖြဟ္မာဘုံမှာ မင်း ကမ္ဘာပေါင်း ဘယ်လောက် အသက်ရှည်ခဲ့တယ်၊ အခု ဒီမှာ မင်းအသက် ဘယ်လောက်ရှည်မယ်၊ အခု ဒီက သေရင် မင်း ဘယ်သွား

မယ်၊ ဘာဖြစ်လို့ ဖြဟ္မာ့ပြည်ကို ရောက်လာတယ်" ဆိုတာကအစ ဟိုး ဖုံးကွယ်နေတဲ့အတိတ်က သမိုင်းကြောင်းရာဇဝင် သူ့ရဲ့ဘဝဖြစ်စဉ်တွေကိုပါ မြတ်စွာဘုရားက ဟောတာ၊ ပြန်ပြောပြတာ။

အဲဒီလို ပြောနိုင်လို့ ရဲတင်းတာပေါ့နော်၊ မသိဘဲနဲ့ ပြောလို့ မရဘူး၊ ဒါကြောင့် **'ပရိသာသု သီဟနာဒံ နဒတိ'** ဆိုတာ ရဲတင်းတဲ့စကားကို ပြောနိုင်တယ်၊ ဒါဟာ ဟောဒီဉာဏ်တွေရဲ့ စွမ်းပကားကြောင့် ပြောနိုင်တာ၊ ကိုယ်မသိဘဲနဲ့ ဟိုလိုလိုဒီလိုလို လုပ်လို့ မရဘူးလေ။

ဟော နောက်တစ်ခုက ဘာတုန်း **"ဖြဟ္မစက္ကံ ပဝတ္တေတိ"**တဲ့၊ ဖြဟ္မစက္ကဆိုတာ ဓမ္မစက္ကပဲ၊ ဓမ္မစက္ကတို့ ဖြဟ္မစက္ကတို့ ဆိုတာ ဘာကို ပြောတာတုန်းဆိုလို့ရှိရင် ပဋိဝေဓဉာဏ်နဲ့ ဒေသနာဉာဏ်ကို ပြောတာ၊ **ပဋိဝေဓဉာဏ်**ဆိုတာ ကိုယ်တိုင်ထိုးထွင်းပြီးတော့ သိတဲ့ဉာဏ်ကို ပဋိဝေဓဉာဏ် ခေါ်တယ်၊ ပဋိဝေဓဉာဏ် ရပြီးတဲ့နောက်မှ ဒေသနာဉာဏ်ဆိုတာ

ရတယ်၊ အများနားလည်အောင် ရှင်းလင်းပြောကြား တဲ့ဉာဏ်မျိုးကို ဒေသနာဉာဏ်လို့ ခေါ်တယ်။

အဲဒီနေရာမှာ ပဋိဝေဓဉာဏ်ဆိုတာ တရားဓမ္မ ကျင့်သုံးလို့ ကိုယ်တော်တိုင် ဘုရားအဖြစ်သို့ ရောက် လာပြီး ထိုးထွင်းသိတဲ့ဉာဏ် ရလာပြီ၊ ရလာပြီးတဲ့ အခါမှာ သတ္တဝါတွေရဲ့အကျိုးကို သယ်ပိုးဖို့ကျတော့ ဒေသနာဉာဏ်တော်ကို အသုံးချတာ၊ အဲဒီဒေသနာ ဉာဏ်တော်ကြီး စတင်လည်ပတ်ပြီး ဖြစ်ပေါ်စေတာ ကိုပဲ **'ဓမ္မစက္ကံ ပဝတ္တေတိ'** လို့ ပြောတာ၊ **ဓမ္မစက္က ပဝတ္တန**သုတ်ဆိုတာ အဲဒါကို ရည်ညွှန်းတာ။

ဓမ္မစက္ကဆိုတာ ဘာကို ပြောတာတုန်းဆိုရင် ဒေသနာဉာဏ်ကို ပြောတာ၊ အဲဒီဒေသနာဉာဏ်ကြီး ကို စတင်အသုံးချပြီးတော့ သတ္တဝါတွေကို နားလည် အောင် ရှင်းပြတယ်ဆိုတာကို **'ဓမ္မစက္ကပဝတ္တန'** လို့ ပြောတာနော်။

အဲဒီလို ဒေသနာဉာဏ်တော်ကြီးကို စတင်ပြီး အသုံးချနိုင်တယ်ဆိုတာဟာ ပဋိဝေဓဉာဏ် မရှိဘဲနဲ့

လည်း မရဘူး၊ အခုပြောခဲ့တဲ့ တထာဂတဗလ လို့ ဆိုတဲ့ ဗုဒ္ဓရဲ့စွမ်းအား ဉာဏ်ဆယ်ပါးနဲ့ ကင်းပြီးတော့ လည်းပဲ မဖြစ်နိုင်ဘူးတဲ့၊ ဒီတော့ တရားဓမ္မကို ရှင်းပြတယ်ဆိုတာ လွယ်တာ မဟုတ်ဘူး။

ဘုန်းကြီးတို့တတွေ တရားဟောတယ်ဆိုတာ ဘုရားဟောခဲ့တဲ့ တရားထဲကနေ ယူဟောနေတာ၊ ကိုယ်သိလို့ ဟောတာ မဟုတ်ဘူး၊ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ဟောတယ်ဆိုတာက **'သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေမိ'** တဲ့၊ မြတ်စွာဘုရား က ထိုထိုသုတ္တန်တွေမှာ မိန့်လေ့ရှိတယ်၊ "ငါ အခု ပြောနေတာ **သယံ အဘိညာ** ကိုယ်တိုင်သိပြီး ဟော တာ"၊ သူများဆီက တဆင့်ကြားတာတွေ ပြောတာ မဟုတ်ဘူး၊ ရာဇဝင်ထဲပါလို့ ပြောတာ မဟုတ်ဘူး၊ စာအုပ်ထဲပါလို့ ပြောတာ မဟုတ်ဘူး၊ ဟုတ်ကဲ့လား၊ အဲဒီလို လူပြောသူပြောတွေနဲ့ ငါပြောတာ မဟုတ် ဘူး၊ **'သယံ အဘိညာ'** ငါကိုယ်တိုင် သိထားတာ၊ သိရုံတင် မကဘူး၊ **'သစ္ဆိကတွာ'** အသိဉာဏ်နဲ့ ယှဉ်

ကပ်ပြီးတော့ အသုံးချတာ၊ ကိုယ်ကိုယ်တိုင် သိပြီးတော့ ကိုယ်ကိုယ်တိုင် မျက်မှောက်ပြုပြီးတော့ ဟောတာ ဖြစ်တယ်လို့ ဒီလို ရဲရဲဝံ့ဝံ့ ပြောနိုင်တာပေါ့။ အခုလို ပြောနိုင်တာကလည်း ဒီဉာဏ်ကြီးတွေကြောင့် ပြောနိုင်တာတဲ့။

## (၁) ဌာနာဌာနဉာဏ်

ကဲ ကောင်းပြီ - မြတ်စွာဘုရားရဲ့ စွမ်းပကား ထက်မြက်တဲ့ ဉာဏ်ဆယ်ပါးဆိုတာ ဘာလဲတဲ့၊ နံပါတ်တစ်က အကြောင်းတရား ဖြစ်နိုင်တာကို ဖြစ်နိုင်တယ်လို့ မြင်တယ်၊ မဖြစ်နိုင်တာကို မဖြစ်နိုင်ဘူးလို့ မြင်တယ်၊ ပါဠိလို ပြောရင် ဌာန အဌာန၊ ဌာန ဆိုတာ ဖြစ်နိုင်စရာရှိတဲ့အကြောင်း၊ အဌာန ဆိုတာ မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာကို ကွဲကွဲပြားပြားသိတဲ့ဉာဏ်၊ အဲဒီဉာဏ်ဟာ နံပါတ်တစ် ဉာဏ်ပဲ၊ ဒါ အင်မတန်အရေးကြီးတယ်။

ဘုန်းကြီးတို့တတွေဟာ ရမ်းသမ်းပြီးတော့ ဒါ

တော့ ဖြစ်နိုင်ပါတယ်၊ ဟိုဟာတော့ မဖြစ်နိုင်ပါဘူး ဆိုတာ အပေါ်ယံလေးတင် ပြောကြတာနော်၊ အဲဒီ တော့ ဘုန်းကြီးတို့တစ်နေရာမှာဟောထားတဲ့ တရား တစ်ပုဒ်ရှိတယ်၊ နာမည်က "ဖြစ်နိုင်တာနဲ့ မဖြစ်နိုင် တာ" လို့ နာမည်ပေးပြီး ဟောထားတာ ဒီဉာဏ် အကြောင်းကိုနော်။

အဲဒီတော့ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာဆိုတာ တစ်ခု ပြောပြမယ်၊ သောတာပန်ပုဂ္ဂိုလ်တစ်ယောက် က ကံကြီးထိုက်အောင် အမေအဖေကို သတ်တယ်၊ ရဟန္တာကို သတ်တယ်၊ မြတ်စွာဘုရား သွေးစိမ်း တည်အောင် လုပ်တယ်၊ သံဃာသင်းခွဲတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ပုထုဇဉ်တစ်ယောက်က အဲဒီအမှုတွေ ကျူးလွန်တယ်ဆိုတာ ဖြစ်နိုင်တယ်၊ ဟော ဒါ ဖြစ်နိုင် တာနဲ့ မဖြစ်နိုင်တာပဲပေါ့။

သောတာပန်ပုဂ္ဂိုလ်တစ်ယောက်က သင်္ခါရ တရားကို နိစ္စလို့ သုခလို့ သုဘလို့ အတ္တလို့ ဒီလို ရှုမြင်ဖို့ဆိုတာ မဖြစ်နိုင်ဘူးတဲ့၊ ပုထုဇဉ်တစ်ယောက်

က အဲဒီလိုရှုမြင်တာ ဖြစ်နိုင်တယ်၊ အဲဒါ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာပေါ့။

ကုသိုလ်ကံရဲ့ မကောင်းတဲ့အကျိုးဆိုတာ မဖြစ်နိုင်ဘူး၊ အကုသိုလ်ကံရဲ့ ကောင်းတဲ့အကျိုးဆိုတာ မဖြစ်နိုင်ဘူး၊ အကုသိုလ်ကံရဲ့ မကောင်းတဲ့အကျိုး ကုသိုလ်ကံရဲ့ ကောင်းတဲ့အကျိုးဆိုတာ ဖြစ်နိုင်တယ်၊ ဟော ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာကို မြင်တာ။

အဲဒီလို အကြောင်းတရားတွေနဲ့ ပတ်သက်ပြီးတော့ ပိုင်းပိုင်းခြားခြား သိတဲ့ဉာဏ်ကို ဌာနာဋ္ဌာနဉာဏ်လို့ ဒီလိုခေါ်တယ်၊ အဲဒါ နံပါတ်တစ်ဉာဏ်ပဲ၊ ဒါဟာ အင်မတန်မှ အရေးကြီးတဲ့ဉာဏ်တစ်ခုပဲပေါ့၊ ဖြစ်နိုင်တယ် မဖြစ်နိုင်တယ် မသိဘဲနဲ့ လူတစ်ယောက်ကို သောတာပန်ဖြစ်အောင် သကဒါဂါမ်ဖြစ်အောင် အနာဂါမ်ဖြစ်အောင် ရဟန္တာဖြစ်အောင် တရားပေးနိုင်ပါ့မလား၊ မပေးနိုင်ဘူး၊ ဖြစ်နိုင်တာ မဖြစ်နိုင်တာ သိကို သိရမယ်၊ ဒါက အင်မတန်မှ အရေးကြီးတဲ့ နံပါတ်တစ် အရေးကြီးတဲ့ဉာဏ်ကြီးပဲ။

ဒါဖြင့် အကြောင်းဟုတ်တယ် အကြောင်းမဟုတ်ဘူးဆိုတာ သိဖို့ အင်မတန်မှ အရေးကြီးတယ်၊ ဒီဉာဏ်က သတ္တဝါတွေနဲ့ ပတ်သက်လာလို့ရှိရင် ဘာကို သိတာတုန်းလို့ဆိုရင် ဆိုပါစို့ - တစ်ဦးတစ်ယောက်ကို တရားဟောတော့မယ် ဆိုရင် မြတ်စွာဘုရားက ဒီ ဌာနာဋ္ဌာနဉာဏ် ဖြစ်နိုင်တာ မဖြစ်နိုင်တာနဲ့ သူကြည့်တယ်၊ ဘာကို ကြည့်လဲလို့ဆိုလို့ရှိရင် **ကိလေသာဝရဏ** ရှိ မရှိ ကြည့်တယ်။

**ကိလေသာဝရဏ**ဆိုတာ နိယတမိစ္ဆာဒိဋ္ဌိတို့လိုဟာမျိုး၊ စွဲစွဲမြဲမြဲ မှားယွင်းနေတဲ့ အယူရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဒီဘဝမှာ ကျွတ်တန်းမဝင်နိုင်ဘူး, ကျွတ်တန်းဝင်နိုင်တယ်ဆိုတာ မြတ်စွာဘုရားက သိတယ်၊ အဲဒီလို မဟုတ်လို့ရှိရင် ကျွတ်တန်းမဝင်နိုင်တဲ့ ပုဂ္ဂိုလ်ကို သွား တရားဟော, မောရုံပဲ ရှိမှာပေါ့၊ မြတ်စွာဘုရားကျတော့ သေသေချာချာ ရွေးချယ်ပြီးတော့ သိတယ်၊ ဌာနာဋ္ဌာနာဉာဏ်နဲ့ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာကို သေသေချာချာ ပိုင်းပိုင်းခြားခြား သိ

တယ်၊ သိတဲ့အတိုင်း မြတ်စွာဘုရားက တရားဟော တယ်။

ဒါကြောင့်မို့ ဒီဉာဏ်ဟာ အကြောင်း ဟုတ်တယ် မဟုတ်ဘူး၊ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာကို သိတဲ့ဉာဏ်မို့ သူဟာ အရေးတကြီးလိုအပ်လို့ သတ္တဝါတစ်ယောက်ကို ချေချွတ်တော့မယ်၊ တရားဟောတော့မယ်ဆိုရင် ဒီဉာဏ်ဟာ ပထမဆုံး လိုအပ်သည့်အတွက်ကြောင့် ပထမနေရာမှာ ထားတယ်၊ ဒါနဲ့ အရင်ကြည့်တယ်။

ဆိုပါစို့ - ဒီ ကိလေသာဝရဏလို့ဆိုတဲ့ နိယတမိစ္ဆာဒိဋ္ဌိ ဆိုဖိတ်ခံထားရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဒီဘဝမှာ ဘယ်လောက်ပဲ တရားနာနာ ဘယ်တော့မှ ကျွတ်ဖို့ မရှိနိုင်ဘူးနော်၊ ကျွတ်နိုင်စရာအကြောင်း မရှိဘူး၊ အဲဒါမျိုး ရှိမရှိကို မြတ်စွာဘုရားက ကြည့်ရတယ်၊ ဒီလိုဆိုလိုတာနော်၊ ဒါက ဌာနာဌာနဉာဏ်နဲ့ ပတ်သက်ပြီးတော့ တစ်ခုမှတ်ဖို့ ပထမဆုံးဉာဏ်လို့ ဒီလိုမှတ်ရမယ်။

## (၂) ကမ္မဝိပါကဉာဏ်

နောက် ဒုတိယဉာဏ်က ဘာတုန်းဆိုတော့ အတိတ် အနာဂတ် ပစ္စုပ္ပန်, အတိတ်တုန်းက လုပ်ခဲ့တဲ့ကံတရား၊ အနာဂတ်မှာလုပ်မယ့်ကံတရား၊ ပစ္စုပ္ပန်မှာ ဖြစ်လာတဲ့ကံတရား၊ အဲဒီကံတရားတွေရဲ့ အကျိုးတရားနဲ့ ပတ်သက်ပြီးတော့ အကျိုးပေးမယ် မပေးဘူးဆိုတာကို မှန်မှန်ကန်ကန်သိတဲ့ဉာဏ်တဲ့။

အကျိုးပေးတယ်ဆိုတဲ့နေရာမှာ မြတ်စွာဘုရားက ဟောတယ်၊ အကုသိုလ်ဆိုရင် မကောင်းတဲ့အကျိုးပေးတယ်၊ ကုသိုလ်ဆိုရင် ကောင်းတဲ့အကျိုးပေး တယ်၊ ဒါဖြင့် အဲဒီကံဟာ ဒါက The law of Kamma ကမ္မနိယာမသဘောကို ပြောတာ၊ ကံရဲ့ သဘာဝ နိယာမတရားကို ပြောတာ၊ ကောင်းတာက ကောင်းကျိုး၊ မကောင်းတာက မကောင်းကျိုး ပေးတယ်။

အဲဒီမှာ အကျိုးပေးမယ့်ကံလား, အကျိုးမပေးမယ့် ကံလားဆိုတာ သာမန်ပုဂ္ဂိုလ်က မသိဘူးနော်၊

မြတ်စွာဘုရားကျတော့ သိတယ်၊ ဌာနသော ဟေတုသော တဲ့၊ အခြေအနေနဲ့ အကြောင်းတရားကို ပိုင်းပိုင်းခြားခြားသိတယ်၊ ဆိုပါစို့ ဥပမာတစ်ခုကြည့် - မြန်မာနိုင်ငံထဲမှာ ဘင်္ဂလားပင်လယ်အော်က မုန်တိုင်းဝင်တော့မယ်ဆိုရင် မုန်တိုင်းအခြေပြနေတာ မရှိဘူးလား၊ ဟိုမှာ အဲဒီအခြေပြနေတာကို ကြည့်ပြီးတော့ ဒီမှာ ဝင်မယ်, မဝင်ဘူး မှန်းဆပြီးတော့ ပြောကြတယ်မို့လား၊ အခြေအနေကြည့်ပြီးတော့ ပြောရတယ်၊ ဖြစ်ပေါ်နေတဲ့အရာတစ်ခုကို အခြေအနေကြည့် ပြောတယ်။

မြတ်စွာဘုရားကျတော့ လူတစ်ယောက်ဟာ အခု ဘာတွေလုပ်နေလဲ၊ အဲဒီ လုပ်နေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ သူလုပ်နေတဲ့အလုပ်ကို ကြည့်မယ်ဆိုလို့ရှိရင် ဒီကံရဲ့အကျိုးတရားကို သူခံရမယ်၊ မခံရဘူးကို မြတ်စွာဘုရားက တပ်အပ်ပြောလို့ ရတယ်၊ အကုသိုလ်ဆိုတာ မကောင်းတဲ့အကျိုးကို ပေးတယ် ဆိုတဲ့နေရာမှာ မြတ်စွာဘုရားက အကုသိုလ်က

မကောင်းတဲ့အကျိုးပေးတယ် ဆိုပေမယ့်လို့တဲ့, **ဂတိ** ပထမမှာ **ဂတိသမ္ပတ္တိ**လို့ ခေါ်တဲ့ ကောင်းတဲ့ဘဝ ရောက်နေတဲ့အချိန်ဆိုလို့ရှိရင် အကုသိုလ်က အကျိုး မပေးဘူး၊ ဂတိသမ္ပတ္တိက ဖယ်ရှားထားလို့ အကုသိုလ် က အကျိုးပေးလို့ မရဘူး၊ နောက်တစ်ခါ **ကာလ သမ္ပတ္တိ**လို့ဆိုတဲ့ အချိန်ကောင်းနဲ့ကြုံနေလို့ရှိရင်လည်း အကုသိုလ်က အကျိုးပေးလို့ မရဘူးတဲ့။

**ဉပဓိသမ္ပတ္တိ** လို့ ခေါ်တဲ့ လူရဲ့ခန္ဓာကိုယ်အနေ အထားက ပြည့်စုံနေလို့ရှိရင်လည်း အကုသိုလ်က အကျိုးပေး ချင်ပေမယ့်လို့ အကျိုးပေးလို့ မရဘူးတဲ့၊ နောက်တစ်ခုက **ပယောဂသမ္ပတ္တိ** တဲ့၊ ကြိုးပမ်းအား ထုတ်မှုလုံ့လရှိနေတဲ့ ပုဂ္ဂိုလ်ကိုလည်းပဲ အကုသိုလ် က အကျိုးပေးချင်တိုင်း အကျိုးပေးလို့ မရဘူးတဲ့။

အကုသိုလ်ဆိုတာ မကောင်းကျိုးပေးတာတော့ မှန်တယ်၊ သို့သော် သမ္ပတ္တိလေးပါးက ဟန့်တားထား လိုက်လို့ရှိရင် အဲဒီအကုသိုလ်ကံက မကောင်းကျိုး ကို မပေးနိုင်သေးဘူးတဲ့၊ ဒါ ဘုရားက ဒီလိုသိတယ်၊

ဟုတ်ကဲ့လား၊ သာမန်လူတွေကတော့ မကောင်းတာ လုပ်ရင် မကောင်းတာ ဖြစ်မယ်၊ ဒီလောက်ပဲ ပြော လို့ ရမယ်။

ဟော နောက်တစ်ခုက အကုသိုလ်ဟာ ဝိပတ္တိ ရှိလာပြီဆိုရင်တော့ ဝိပတ္တိလေးမျိုးနဲ့ ကြုံလာရင် အကျိုးပေးတယ်တဲ့၊ သမ္ပတ္တိနဲ့ ကြုံလာရင် သမ္ပတ္တိရဲ့ အဟန့်အတားကြောင့် သူ အကျိုးမပေးနိုင်ဘူး။

ထို့အတူပဲ ကုသိုလ်ကလည်းပဲနော် သမ္ပတ္တိနဲ့ ကြုံတဲ့အခါမှ အကျိုးပေးတယ်၊ ဝိပတ္တိနဲ့ ကြုံတဲ့အခါ မှာ ဝိပတ္တိရဲ့အဟန့်အတားကြောင့်, ဆိုပါစို့ - လူ တစ်ယောက်ဟာ ကုသိုလ်ကံတွေ ရှိနေသော်လည်းပဲ မကောင်းတဲ့ဘဝ ရောက်နေတယ်၊ မကောင်းတဲ့ အချိန်မှာ လူဖြစ်တယ်၊ သူ့ရဲ့ဥပဓိရုပ်ကလည်း ညံ့ တယ်၊ ကြိုးစားအားထုတ်မှုကလည်း မရှိဘူးဆိုရင် ကုသိုလ်က အကျိုးပေးလို့ မရဘူး အဲဒီပုဂ္ဂိုလ်မှာ၊ ဒီလို ဆိုလိုတာနော်။

ဒီတော့ ဂတိသမ္ပတ္တိတို့ ဂတိဝိပတ္တိတို့ ကာလ

ဝိပတ္တိတို့ ဥပဓိဝိပတ္တိတို့ ဒီပယောဂဝိပတ္တိတို့ ဆိုတဲ့ ချို့ငဲ့မှုတွေနဲ့ ကြုံနေလို့ရှိရင် ကုသိုလ်က အကျိုးပေးလို့ မရဘူးတဲ့၊ ကုသိုလ်ပြည့်ပြည့်ဝဝ အကျိုးပေးနိုင်တယ်ဆိုတာ သမ္ပတ္တိနဲ့ ကြုံမှ ပေးတယ်တဲ့၊ ဒါဟာ ဖြစ်နိုင်ချေနဲ့ ကြည့်ပြီးတော့ မြတ်စွာဘုရားက ကံတရားကို အဆုံးအဖြတ်ပေးနိုင်တယ်၊ ဒါဟာ မြတ်စွာဘုရားရဲ့ **ကမ္မသမာဒါနနဲ့** ပတ်သက်တဲ့ ဒုတိယ ဉာဏ်တော်ကြီးပဲ၊ ကမ္မဝိပါကနဲ့ ပတ်သက်ပြီးတော့ ရှင်းရှင်းလင်းလင်း သိတော်မူတယ်။

မြတ်စွာဘုရားက အဲဒီလို ရှင်းရှင်းလင်းလင်း သိတော့ ဘာကို သူပြောနိုင်တုန်းဆိုရင် ကမ္မဝိပါက ဉာဏ်နဲ့ **ဝိပါကာဝရဏ** ရှိမရှိ သိနိုင်တယ်၊ ဝိပါကာဝရဏဆိုတာ လူတစ်ယောက်ဟာ ဒွိဟိတ်ပဋိသန္ဓေ နေလာခဲ့တယ်၊ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်နေတယ်၊ အဟိတ်ပဋိသန္ဓေနဲ့ နေလာခဲ့တယ်၊ ဒွိဟိတ်ပဋိသန္ဓေဆိုတာ သူ့သန္ဓေထဲမှာ အသိဉာဏ် မပါတာကို ပြောတာ၊ အဟိတ်ဆိုတာကျတော့ ပိုပြီး အစွမ်းသတ္တိနည်း

တယ်၊ ဟေတုလို့ ခေါ်တဲ့ အလောဘ အဒေါသတွေ မပါဘူး၊ အမောဟဆိုတဲ့ အသိဉာဏ်လည်း မပါဘူး၊ အဲဒီလောက် ပျော့ညံ့တဲ့ပဋိသန္ဓေ နေလာတဲ့ပုဂ္ဂိုလ်ဟာ ဝိပါကာဝရဏလို့ ခေါ်တယ်၊ ဘယ်လိုပဲ တရားဟောဟော ဘယ်လိုပဲ တရားကျင့်ကျင့် အဲဒီပုဂ္ဂိုလ်မျိုးဟာ ဒီဘဝမှာ အောင်မြင်နိုင်တဲ့ပုဂ္ဂိုလ်မျိုး မဟုတ်ဘူးတဲ့၊ ဒါ ကံတရားတွေနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ဒုတိယဉာဏ်နဲ့ သိတော်မူတာပေါ့ ဒါက **ကမ္မဝိပါကဉာဏ်** လို့ ခေါ်တယ်။

**(၃) သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်**

နောက် တတိယဉာဏ်တော်က ဘာတုန်းလို့ဆိုတော့ **'သဗ္ဗတ္ထဂါမိနိပဋိပဒါ ယထာဘူတံ ဇာနာတိ'** တဲ့၊ **သဗ္ဗတ္ထဂါမိနိပဋိပဒါ** ဆိုတာ ဒီလူလုပ်နေတဲ့အလုပ်တွေဟာ ဘယ်ဘဝကို သူရောက်လိမ့်မယ်ဆိုတာကို မြတ်စွာဘုရားက အတိအကျပြောနိုင်တယ်၊ လူတစ်ယောက်ဟာ မကောင်းတာ

တွေ လုပ်နေတယ်, အကုသိုလ်အလုပ်တွေ လုပ်နေတယ်ဆိုလို့ရှိရင် မြတ်စွာဘုရားက သူလုပ်နေတာကို ကြည့်ပြီးတော့, အကုသိုလ်လုပ်တာချင်း တူပေမယ့်လို့, ဒီလူကတော့ ငရဲရောက်မှာ၊ ဒီလူကတော့ တိရစ္ဆာန်ဘုံရောက်မှာ၊ ဒီလူကတော့ ပြိတ္တာဘုံရောက်မှာလို့ ခွဲပြောနိုင်တယ်၊ မှန်တိုင်း ဆင်နေတိုင်းလည်းပဲ မှန်တိုင်းတိုက်တာ မဟုတ်ဘူး၊ ဟုတ်ကဲ့လား၊ အခြေအနေတစ်ခုကိုကြည့်ပြီး ပြောတဲ့အခါမှာ မြတ်စွာဘုရားဟာ ဒီလူတစ်ယောက်ရဲ့စိတ်ထဲက လှုံ့ဆော်ချက်တွေ ဘယ်လောက်ရှိတယ်ဆိုတာ အသေးစိတ်သိလို့ ဒီလိုပြောလို့ ရတယ်။

**သဗ္ဗတ္ထဂါမိနီပဋိပဒါ** ဆိုတာ သူလုပ်နေတဲ့အလုပ်ဟာ - သူငယ်ချင်းသုံးယောက် ပါဏာတိပါတအမှုပြုနေတယ် ဆိုပါစို့၊ အဲဒီပြုနေတဲ့အခါမှာ ပါဏာ-တိပါတအမှုပြုတိုင်း ဒီလူ့စိတ်အခြေအနေဟာ တူနိုင် မတူနိုင် စဉ်းစားကြည့်နော်၊ တစ်စုံတစ်ခုကို လုပ်ပေမယ့်လို့ တူတာ မတူတာ ရှိသေးတယ်၊ အဲဒီ

တော့ မြတ်စွာဘုရားက သူကတော့ သူ့စေတနာ စွမ်းအားတွေ တအားပိုသည့်အတွက်ကြောင့် သူက ငရဲကျမှာ, သူကတော့ ငရဲမကျဘူး တိရစ္ဆာန်ဖြစ်မယ်, သူကတော့ တိရစ္ဆာန်မဖြစ်ဘူး ပြိတ္တာဖြစ်နိုင်တယ်၊ ဟော ကံတရားတွေနဲ့ ပတ်သက်ပြီးတော့ လုပ်ရပ်တွေကြည့်ပြီးတော့ ဘယ်ကို သွားမယ့်လုပ်ရပ်လဲ ဆိုတာကို မြတ်စွာဘုရားက ဆုံးဖြတ်ပေးနိုင်တယ်တဲ့၊ အဲဒီဉာဏ်က။

ကောင်းတဲ့ဘုံကို ပြောမယ်ဆိုရင် ကုသိုလ်ကောင်းမှုလုပ်နေတယ်၊ အေး အတူတူပဲ အခုတရားနာတဲ့လူတွေပဲ ကြည့်၊ တရားနာနေတဲ့ စိတ်စွမ်းအားချင်းဟာ အကုန်လုံး မတူဘူးနော်၊ တချို့က ငိုက်တဲ့လူ ပါချင် ပါမှာပေါ့၊ တိုးတိုး တိုးတိုး စကားပြောတဲ့လူ ပါချင် ပါမှာပေါ့၊ အာရုံစိုက်ပြီး နားထောင်နေတဲ့လူလည်း ပါချင် ပါမှာပေါ့၊ မရှိပေဘူးလား၊ ဟိုတွေးဒီတွေး အိမ်တံခါး မပိတ်ခဲ့ရလို့ ပြန်ပြီးတော့ အိမ်ကို သတိရနေတဲ့လူလည်း ပါမှာပေါ့၊ အဲဒီလို အမျိုးမျိုး

ပါနေတဲ့အထဲမယ် မြတ်စွာဘုရားက သိတယ်နော် ဒီတရားနာနေတဲ့ကုသိုလ်ကြောင့် တစ်ယောက်က နတ်ပြည်ရောက်မယ်, တစ်ယောက်က လူ့ပြည် လောက်ပဲ ရောက်မယ်ဆိုတာ၊ ဟိုတစ်ယောက်ကျ တော့ အသိဉာဏ်တွေ ပေါက်ပြီးတော့ နိဗ္ဗာန်ထိ အောင် ရောက်လိမ့်မယ်၊ အဲဒီလိုရောက်မယ့်နေရာ တွေကို မြတ်စွာဘုရားက သူ့ရဲ့စိတ်ထဲမှာ ဖြစ်ပေါ် နေတဲ့ အနေအထားတွေ ကြည့်ပြီးတော့ အတိအကျ ဖော်ထုတ်နိုင်တဲ့အသိဉာဏ်မျိုးကို ဒါ **သဗ္ဗတ္ထဂါမိနီ ပဋိပဒါဉာဏ်**လို့ ဒီလိုခေါ်တယ်။

ဒီလိုဉာဏ်မျိုးက သာမန်ပုဂ္ဂိုလ်မျိုးမှာ ရှိတာ မဟုတ်ဘူး၊ ဘုရားမှ ရှိတာတဲ့၊ ဒါကြောင့်မို့ ဘုရားက ဒီဉာဏ်နဲ့ ရှင်းရှင်းလင်းလင်း ပြောပြနိုင်တယ်ပေါ့၊ အဲဒီဉာဏ်ဟာ **ကမ္မပရိစ္ဆေဒ** ကံအပိုင်းအခြားကို သိတဲ့ဉာဏ်တစ်မျိုး ဖြစ်တယ်၊ **သဗ္ဗတ္ထပဋိပဒါဉာဏ်** ဆိုတာ မကောင်းတဲ့ အကုသိုလ်ကံတွေရဲ့ အဟန့် အတား ရှိတယ် မရှိဘူး၊ သူလုပ်တဲ့ကံရဲ့ စွမ်းအား

ဟာ ငရဲထိအောင် ပို့မှာလား (သို့မဟုတ်) ပြိတ္တာဘုံ လောက်တင်လား (သို့မဟုတ်) တိရစ္ဆာန်ဘုံလောက် တင်လား၊ သူလုပ်တဲ့ကုသိုလ်က လူ့ပြည်တင် ပို့နိုင် တာလား (သို့မဟုတ်) နတ်ပြည်ထိ ပို့နိုင်သလား၊ သူလုပ်တဲ့ကုသိုလ်က နိဗ္ဗာန်အထိ ပို့နိုင်သလား ဆိုတာ ဘုရားမှ သိတယ်ပေါ့၊ ပညာနဲ့ သိတာတဲ့။

## (၄) အနေကဓာတုဉာဏ်

နောက်တစ်ခု နံပါတ်လေး ဉာဏ်တော်ကြီးက ဘာဉာဏ်တုန်းဆိုတော့ **'အနေကဓာတုဉာဏ်'**တဲ့၊ မြတ်စွာဘုရားဟာ ဒီဉာဏ်ရည်ဉာဏ်သွေးနဲ့ ပတ် သက်ပြီးတော့ **'အနေကဓာတု နာနာဓာတု လောကံ ယထာဘူတံ ပဇာနာတိ'** တဲ့၊ အနေကဓာတုဆိကာ သဘာဝတွေက များတယ်၊ လူတွေမှာ နာနာဓာတု ဓာတ်သဘောတွေကလည်း မတူညီကြဘူး၊ ဒါ ဘာ ပြောတာတုန်းဆိုတော့ **"ခန္ဓနာနတ္တ ဓာတုနာနတ္တ အာယတန နာနတ္တ"**လို့ လူတွေရဲ့သန္တာန်မှာ မတူညီ

တဲ့ခန္ဓာ မတူညီတဲ့အာယတန မတူညီတဲ့ဓာတ် အမျိုးအစား ကွဲပြားခြားနားမှုတွေ ရှိတယ်ဆိုတာ လူရဲ့ခန္ဓာမှာဖြစ်ပေါ်နေတဲ့ ရုပ်တရားနာမ်တရားတွေနဲ့ပတ်သက်ပြီး မတူညီတဲ့သဘောတရားတွေကိုလည်း မြတ်စွာဘုရားက ခွဲခြမ်းစိတ်ဖြာပြီး သိနိုင်တယ်လို့ ဒီလိုပြောတာနော်၊ အဲဒီလို ခွဲခြမ်းစိတ်ဖြာသိခြင်းအားဖြင့် စွမ်းရည်သတ္တိချင်းလည်း မတူဘူးဆိုတာ ရှင်းလင်းပြီးတော့ ပြောကြားနိုင်တာပေါ့၊ ဒီလိုဆိုလိုတယ်။

အဲဒီမှာ **အနေကဓာတု** ဓာတ်သဘောတွေ မတူဘူးဆိုတဲ့အခါမှာ လူတွေရဲ့အကျင့်စရိုက်တွေကလည်း မတူကြဘူးပေါ့၊ အကျင့်စရိုက် မတူတဲ့အခါမှာ တရားဟောတဲ့အခါမှာ တစ်မျိုးတည်း ဟောလို့မရဘူးတဲ့၊ ဒါကြောင့်မို့ ဒီပရိသတ်နဲ့ ဒီလူနဲ့ တွေ့ရင် ဒီတရားဟောတယ်၊ ဟိုလူနဲ့တွေ့ရင် ဟိုတရား ဟောတယ်၊ ဟုတ်ကဲ့လား၊ သတ္တဝါတွေရဲ့ စရိုက်ကို ကြည့်ပြီး ဟောနိုင်တာ ဒီဉာဏ်ကြီးရှိလို့ ဟောနိုင်တာတဲ့၊

ဒါကြောင့်မို့ သူတို့ရဲ့စရိုက်အထူးကို သိနိုင်တဲ့ဉာဏ် ဒီဉာဏ်ကလည်းပဲ သတ္တဝါတွေကို ချေချွတ်တဲ့နေရာမှာ အလွန်အရေးကြီးတဲ့ဉာဏ်ပဲတဲ့။

## (၅) နာနာဓိမုတ္တိကဉာဏ်

နောက်တစ်ခုက ဘာလဲဆိုရင် **"သတ္တာနံ နာနာဓိမုတ္တိတံ ယထာဘူတံ ပဇာနာတိ"** သတ္တဝါတွေရဲ့နှလုံးသွင်း မတူညီမှုကိုလည်း မြတ်စွာဘုရားက သိတယ်၊ လူတို့ရဲ့စိတ်နေသဘောထားတွေ နှလုံးသွင်းတရားတွေ စိတ်ထားတွေ မတူညီကြဘူး၊ တချို့စိတ်ထားက အဆင့်မြင့်တယ်၊ တချို့စိတ်ထားက အောက်တန်းကျတယ်၊ လူတွေ မပြောကြဘူးလား၊ ဒီလူကတော့ စိတ်ထားက အောက်တန်းကျတယ်၊ ဟိုလူကတော့ စိတ်ထား မြင့်တယ်၊ ပြောကြတယ်၊ ယုတ်ညံ့တဲ့အတွေးရှိတဲ့ပုဂ္ဂိုလ် ယုတ်ညံ့တဲ့စိတ်ထားရှိတဲ့ပုဂ္ဂိုလ်ရှိသလို မြင့်မြတ်တဲ့အတွေးရှိတဲ့ပုဂ္ဂိုလ် မြင့်မြတ်တဲ့စိတ်ထားရှိတဲ့ပုဂ္ဂိုလ် ရှိတယ်၊ အဲဒီအထဲ

မယ် မြင့်မြတ်တဲ့စိတ်ထားရှိတဲ့ပုဂ္ဂိုလ်တွေက မြင့်မြတ်တဲ့စိတ်ထားရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ ပေါင်းကြတယ်၊ ယုတ်နိမ့်တဲ့စိတ်ထားရှိတဲ့ပုဂ္ဂိုလ်တွေက ယုတ်နိမ့်တဲ့စိတ်ထားရှိတဲ့ပုဂ္ဂိုလ်တွေပဲနဲ့ အပေါင်းအသင်း လုပ်ကြတယ်။

ဆိုပါစို့ - ပညာထက်မြက်တဲ့ ရှင်သာရိပုတ္တရာထံ တပည့်ခံပြီး ဝင်ရောက်လာတဲ့ ရဟန်းတွေက ပညာထက်တဲ့ ကိုယ်တော်တွေချည်းပဲ၊ ပညာရေးလိုက်စားတဲ့ပုဂ္ဂိုလ်တွေချည်းပဲ၊ တန်ခိုးအရာမှာ ထက်မြက်လှတဲ့ ရှင်မောဂ္ဂလန်နဲ့ တွဲဖက်လာတဲ့ သူ့တပည့်တွေက အကုန်တန်ခိုးဘက်မှာ စွမ်းရည်ထက်မြက်တဲ့ပုဂ္ဂိုလ်တွေချည်းပဲ၊ ဘာဖြစ်လို့တုန်းဆိုတော့ သတ္တဝါတွေဆိုတာ တူညီတဲ့ဓာတ်သဘောနဲ့ ပေါင်းဖက်ကြတာလေ။

ကဲ စဉ်းစားကြည့်ပေါ့၊ ပွဲကြည့်ချင်တဲ့လူက ပွဲသွားကြတယ်၊ တရားပွဲလာချင်တဲ့လူက တရားပွဲ၊ တူသလား မတူဘူးလား၊ ဝါသနာချင်း မတူကြဘူးတဲ့၊

ဝါသနာတူရာ လူတွေက သွားကြတာတဲ့၊ အဲဒီ မတူ ညီတဲ့ဝါသနာတွေရဲ့အနေအထားကို မြတ်စွာဘုရား က ကောင်းကောင်းကြီးသိတယ်တဲ့၊ ဒါက သိတဲ့ ဉာဏ်တစ်မျိုးပဲ၊ အဲဒီဉာဏ်တော်နဲ့ ကြည့်ပြီးတော့ မြတ်စွာဘုရားက သတ္တဝါတွေကို တရားဟောနိုင် တယ်ပေါ့။

## (၆) ဣန္ဒြိယပရောပရိယတ္တိဉာဏ်

နောက်တစ်ခုက ဘာလဲဆိုရင် နံပါတ်ခြောက် က 'ပရသတ္တာနံ ပရပုဂ္ဂလာနံ ဣန္ဒြိယပရော ပရိယတ္တံ ယထာဘူတံ ပဇာနာတိ' တဲ့၊ သတ္တဝါတွေ ရဲ့ဣန္ဒြေဆိုတာ ဒီနေရာမှာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာလို့ခေါ်တဲ့ ဣန္ဒြေကို ပြောတာ၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတာက ဣန္ဒြေတစ်မျိုး၊ အခုပြော တာက သဒ္ဓါရယ် ဝီရိယရယ် သတိရယ် သမာဓိရယ် ပညာရယ်၊ သဒ္ဓါစွမ်းအားတွေ ဝီရိယစွမ်းအားတွေ သမာဓိစွမ်းအားတွေ သတိစွမ်းအားတွေ ပညာ

စွမ်းအားတွေ ထက်မြက်မှု ရှိမရှိ တိုးတက်မှု ရှိမရှိ၊ ဆုတ်ယုတ်နေသလား၊ တိုးတက်နေသလား ဆိုတဲ့ အနေအထားတွေကို သိနိုင်တဲ့ဉာဏ်စွမ်းလို့ ဒီလိုပြော တာ၊ အဲဒါလည်း အင်မတန်မှ အရေးကြီးတယ်။

လူတစ်ယောက်ရဲ့သဒ္ဓါတရားဟာ ထက်မြက် နေသလား၊ ဝီရိယဟာ ထက်မြက်နေသလား၊ သတိ ဟာ ထက်မြက်နေသလား၊ ဒီဟာသိဖို့ရာ အင်မတန် မှ အရေးကြီးတယ်၊ အဲဒါ မသိရင် အချိန်မကျသေး ခင် ငှက်ပျောပင်က ငှက်ပျောခိုင်ကို ခုတ်လိုက်လို့ ရှိရင် အဲဒီငှက်ပျောသီးက မှည့်ပါ့မလား၊ အနုလေး ဆိုရင် ပိန်သွားမှာပဲ ဟုတ်ကဲ့လား၊ မြတ်စွာဘုရားကျ တော့ ဒီအသီးဟာ မှည့်ပြီ မမှည့်သေးဘူးဆိုတာ သိ တယ်။

အဲဒါလိုပဲ လူတွေရဲ့သန္တာန်မှာရှိတဲ့ သဒ္ဓါတွေ ဟာ ရင့်သန်နေပြီလား၊ ဝီရိယတွေ သတိတွေ သမာဓိ တွေ ပညာတွေ ရင့်သန်နေပြီလား၊ ဒါတွေကို မြတ်စွာဘုရားက အသေးစိတ်သိတယ်၊ ဒါကြောင့်မို့

ဟောလိုက်ပြီဆိုလို့ရှိရင် နှုတ်တော်ဖွင့်ထုတ်ပြီး ဟောလိုက်တာနဲ့ တစ်ဖက်သားက ချက်ချင်း အကျိုးတရား ရသွားတယ်၊ ဒီလိုဆိုလိုတာ။

ကြည့်လေ-သုဘဒ္ဒပရိဗိုဇ်ကြီးက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့နေ့မှ သူ့ရဲ့အသိဉာဏ်တွေက ရင့်ကျက်တာ၊ အဲဒီကျမှ သူက ဘုရားဆီလာချင်တဲ့စိတ် ပေါက်မှာ၊ ရင့်ကျက်မှာ၊ သူ့ကို အဲဒီအချိန်ပြောမှ နားလည်မယ်၊ ဒီထက်စောပြီး ပြောလို့လည်း နားမလည်ဘူး၊ မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန်စံဖို့ အသက် ၈၀-မပြည့်ခင် ၁၀-လကြိုပြီးတော့ ရောဂါဖြစ်တယ်၊ အဲဒီရောဂါက မာရဏန္တိကာလို့ ခေါ်တယ်၊ သေခြင်းနားကပ်သွားလောက်တဲ့ရောဂါဝေဒနာမျိုး၊ အဲဒီရောဂါမျိုး ဖြစ်တာကို မြတ်စွာဘုရားက အာယုသင်္ခါရလို့ ဆိုတဲ့ ဖလသမာပတ်နဲ့, (ဖလသမာပတ်က အမျိုးမျိုး ရှိတယ်၊ သာမန်ဝင်စားတဲ့ဖလသမာပတ်က တစ်မျိုး၊ အာယုသင်္ခါရလို့ဆိုတဲ့ ရောဂါကို ဟန့်တားထားပြီးတော့ အသက်ကို ထိန်းထားတဲ့သမာပတ်က တစ်မျိုး၊

ပို့ပြီးတော့ အသေးစိတ်ပြီး စွမ်းအားတွေထက်အောင် လုပ်တာ) မြတ်စွာဘုရားက အာယုသင်္ခါရဆိုတဲ့ ဖလသမာပတ်ကို ဝင်စားထားလိုက်တဲ့အခါကျတော့ အဲဒီရောဂါဟာ တန့်သွားပြီးတော့ ၁၀-လတိတိ မပေါ်တော့ဘူး၊ မြတ်စွာဘုရားက ပကတိကျန်းမာသွားတယ်။

ဘယ်သူ့အတွက် ၁၀-လတိတိ အသက်ကို ထိန်းလိုက်ရသလဲလို့ ဆိုလို့ရှိရင် သုဘဒ္ဒကြီးအတွက် ထိန်းရတာ၊ ဘုရားက နေချင်လို့ အာယုသင်္ခါရ ဖလသမာပတ်ဝင်စားတာ မဟုတ်ဘူး၊ နောင် ၁၀-လ ကြာရင် သုဘဒ္ဒကြီးကိုတရားဟောဖို့ ရှိတယ်၊ အကယ်၍ ငါ့တရား မနာလိုက်ရင် သူ့ဘဝကြီးက သွားပြီ၊ ဒါကြောင့်မို့လို့ သူ့အတွက်ငဲ့ပြီးတော့ မြတ်စွာဘုရားက ၁၀-လတိတိ ထိန်းထားတာ၊ ခုခေတ်တော့ ဘာတွေလုပ်လဲဆိုရင် ဥပမာမယ် - ဆေးရုံမှာ လူနာသည်းနေလို့ရှိရင် Solucortef ထိုးပေးလိုက်တယ်၊ အိမ်ပြန်သယ်ဖို့၊ လမ်းမှာ မသေအောင်လို့ဆိုတာ လုပ်တယ်။

မြတ်စွာဘုရားက အာယုသင်္ခါရဖလသမာပတ် ဝင်စားထားလိုက်တာ ရောဂါတွေအကုန်လုံး ရှင်းပြီး တော့ ပကတိကျန်းမာသွားတယ်၊ အာယုသင်္ခါရလွှတ် တယ်ဆိုတာ ဒီသမာပတ်ကို ငါမဝင်စားတော့ဘူးလို့ ဆုံးဖြတ်ပြီး စွန့်လွှတ်လိုက်တာ ဟော နောက်ဆုံးလ တွေကျတော့ စွန့်လွှတ်လိုက်တယ်၊ မဝင်စားတော့ဘူး လို့ဆိုကတည်းက ရောဂါတွေ ပြန်ဝင်လာပြီး သက် တော်(၈၀)ကျတော့ ပရိနိဗ္ဗာန်စံတာပဲပေါ့၊ ဒါ သုဘဒ္ဒ ကြီးကို နောက်ဆုံးဟောတာ ဘာကြောင့်လဲဆိုရင် အဲဒီကျမှ သုဘဒ္ဒကြီးက ကျွတ်ချိန်တန်တာတဲ့၊ ရင့် ကျက်တာ၊ အဲဒါ ဘာနဲ့ သိတာတုန်းဆို အခုပြောတဲ့ **ဣန္ဒြိယပရောပရိယတ္တိဉာဏ်လို့** ခေါ်တယ်၊ အဲဒါကို ပဲ **ဗုဒ္ဓစက္ခုလို့** ခေါ်တယ်။

သဟမ္ပတိဗြဟ္မာကြီးက မြတ်စွာဘုရားကို လာ ပြီးတော့ တောင်းပန်လျှောက်ထားတယ်၊ ဘယ်အချိန် မှာ တောင်းပန်လျှောက်ထားတာတုန်းဆိုတော့ မြတ်စွာဘုရားက သူသိတဲ့တရားတွေကို စဉ်းစား

တယ်၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အလွန်နက်နဲတယ်၊ ထို ပဋိစ္စသမုပ္ပါဒ်အကြောင်းတရားတွေ ချုပ်ငြိမ်းသွားလို့ နိဗ္ဗာန်ဆိုတဲ့ မျက်မှောက်ပြုရမယ့်တရားဆိုတာလည်း အလွန်နက်နဲတယ်၊ နက်နဲသည့်အတွက်ကြောင့် မြင်ဖို့ ခက်တယ်၊ ဒါတွေကို ငါ ရှင်းပြနေလည်း သတ္တဝါတွေ နားလည်ကြမှာ မဟုတ်ဘူးလို့, တရားက အလွန်နက်ပြီးတော့ သတ္တဝါတွေရဲ့ အကျင့်စရိုက်တွေက အလွန်ကို ကာမဂုဏ်အာရုံတွေထဲမှာ နစ်မွန်းနေကြတာကို ကြည့်ပြီး ဘုရားက ငါ တရားဟောလည်း သိကြမှာ မဟုတ်ပါဘူးလို့, စိတ်ထဲမှာ ဖြစ်တဲ့အချိန်လေးမှာ သဟမ္ပတိဗြဟ္မာကြီးက "အရှင်ဘုရား ဟောပါဘုရား"တဲ့၊ "တရားမနာရရင် တရားကနေ ဆုတ်ယုတ်ကြပါလိမ့်မယ်၊ နားလည်တဲ့ပုဂ္ဂိုလ် ပေါ်လာပါလိမ့်မယ်"နဲ့ လာတိုက်တွန်းတဲ့အခါမှာ မြတ်စွာဘုရားက လက်ခံပြီးတော့ စဉ်းစားတဲ့အခါ ဘာနဲ့ ကြည့်သလဲလို့ဆိုရင် ဗုဒ္ဓစက္ခုဆိုတာနဲ့ ကြည့်တယ်။

အဲဒီ **ပုဒ္ဓစက္ကူဆိုတာ** ဘာကို ပြောတာတုန်း ဆိုရင် ဒီ **ဣန္ဒြိယပရောပရိယတ္တိနဲ့ အာသယာ-နုသယဉာဏ်ကို** ပြောတာ၊ ဘုရားရဲ့မျက်စိဆိုတာ ဒီ ဣန္ဒြိယပရောပရိယတ္တိဉာဏ်ကိုပဲ ပြောတာတဲ့၊ အခု နံပါတ်ခြောက်ဉာဏ်ကို ပြောတာ၊ အဲဒီဣန္ဒြိယပရော ပရိယတ္တိဉာဏ်ထဲမှာ အာသယဆိုတာလည်း ပါ တယ်၊ အနုသယဆိုတာလည်း ပါတယ်၊ စရိယာ ဆိုတာလည်း ပါတယ်။

**အာသယဆိုတာ** ဘာလဲလို့ဆိုရင် လူတွေရဲ့ အမြင်ကို ပြောတာ၊ စာလိုပြောရင် သဿတဒိဋ္ဌိ မြဲ တယ်ဆိုတဲ့အမြင်၊ ကိုယ့်သန္တာန်မှာရှိတဲ့ ခန္ဓာ ၅-ပါး ထဲက တစ်ခုခုကို အတ္တလို့ ယူစွဲပြီးတော့ အဲဒီ အတ္တ လေးကို မြဲတယ်လို့ဆိုရင် သဿတဒိဋ္ဌိ၊ အဲဒီ အတ္တ လေးဟာ သေပြီးရင် နောက်ထပ်ပြန်မဖြစ်တော့ဘူး၊ ထာဝရမရှိတော့တာလို့ဆိုရင် ဥစ္ဆေဒဒိဋ္ဌိ၊ အဲဒီ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကိုလည်း အာသယလို့ ခေါ် တယ်။

ပဋိစ္စသမုပ္ပါဒ်ကို သိပြီးတော့ ဝိပဿနာဉာဏ်တွေ ဖြစ်လာတယ်၊ အနုလောမိကခန္တီဉာဏ် ဝိပဿနာဉာဏ်ကိုလည်း အာသယလို့ ခေါ်တယ်။

အဲဒီတော့ သတ္တဝါတွေရဲ့အာသယဆိုတာကို မြတ်စွာဘုရားက နှိုက်နှိုက်ချွတ်ချွတ် သိတယ်၊ ဒီလူ့ဟာက ဥစ္ဆေဒဒိဋ္ဌိလား၊ ဒီလူ့ဟာက သဿတဒိဋ္ဌိလား၊ ဒီလူမှာ အကြောင်းအကျိုးကို နားလည်နိုင်တဲ့ ဉာဏ်စွမ်းတွေ ရှိသလား၊ ဝိပဿနာဉာဏ်ရည်ဉာဏ်သွေးတွေ ရှိသလားဆိုတာကို မြတ်စွာဘုရားက သိတယ်၊ သူ့ရဲ့စရိုက်တွေ သိတယ်၊ သူ့ရဲ့နှလုံးသွင်းတွေ သိတယ်၊ သူ့ရဲ့အသိဉာဏ်ထဲမှာ ကိလေသာဆိုတဲ့မြူတွေ များနေသလား၊ သူ့ရဲ့စိတ်ထဲမှာ ကိလေသာဆိုတဲ့ မြူတွေ နည်းနေပြီလား၊ သူဟာ အခြေအနေကောင်းသူ ဟုတ်သလား၊ အခြေအနေမကောင်းသူလား၊ သူဟာ ပြောပြလို့ရှိရင် နားလည်လွယ်တဲ့ပုဂ္ဂိုလ်လား၊ ပြောပြလို့ရှိရင် နားလည်ဖို့ ခက်တဲ့ပုဂ္ဂိုလ်လားဆိုတာကို မြတ်စွာဘုရားက သတ္တဝါ

တွေကို ကွဲကွဲပြားပြား သိတယ်ပေါ့။

အဲဒီလို ကွဲကွဲပြားပြားသိတဲ့ဉာဏ်ဟာ ဘယ်လောက် အရေးကြီးသလဲ၊ တရားဟောတဲ့အခါမှာ အလွန်ကို အရေးကြီးတဲ့ဉာဏ် ဖြစ်တယ်ပေါ့၊ အဲဒီဉာဏ်ကြီးနဲ့ မြတ်စွာဘုရားဟာ သတ္တဝါတွေအကျွတ်တရားရဖို့ရာအတွက် တရားဟောပြောတော်မူတာ၊ ဒါကြောင့်မို့ ဣန္ဒြိယပရောပရိယတ္တိဉာဏ်နဲ့ မြတ်စွာဘုရားက ရှင်းလင်းဟောကြားတာ၊ ဣန္ဒြေတွေရဲ့ အခြေအနေတွေကို အကုန်လုံးသိတယ်တဲ့။

## (၇) ဈာနသမာပတ္တိဉာဏ်

နောက် ခုနစ်နံပါတ်က ဘာတုန်းဆိုရင် မြတ်စွာဘုရားမှာ သမထကျင့်စဉ်ကို ပိုင်ပိုင်နိုင်နိုင် ကျင့်ထားလို့ ဈာန်တရားတွေ သမာဓိတွေ သမာပတ်တွေ တစ်ကြိမ်မကဘူး, အကြိမ်ပေါင်းမြောက်မြားစွာ ဝင်စားတယ်၊ သမာပတ် ၈-ပါးဆိုတာ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်၊ ရူပဈာန် ၄-

ပါး၊ အရူပဈာန် ၄-ပါး အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝ- သညာနာသညာယတန လို့ အဲဒီလို ရူပဈာန် ၄-ပါး အရူပဈာန် ၄-ပါး၊ ဒီသမာပတ် ၈-ပါးကို ခေါက်တုန့် ခေါက်ပြန် မြတ်စွာဘုရားဟာ သွက်သွက်လက်လက်ကြီး ဝင်စားနိုင်အောင် လေ့ကျင့်ထားတယ်၊ လေ့ကျင့်ထားသည့်အတွက်ကြောင့် သမာပတ်နဲ့ပတ်သက်လာ လို့ရှိရင် မြတ်စွာဘုရားဟာ အချိန်မရွေး အသုံးချနိုင်တယ်ပေါ့၊ စွမ်းရည်သတ္တိတွေ ရှိတယ်ပေါ့။

အဲဒီစွမ်းရည်သတ္တိတွေဟာ တရားဟောဖို့ ကြွတဲ့အခါမှာ အင်မတန်မှ တန်ဘိုးရှိတယ်၊ ဒီလို စွမ်းရည်သတ္တိတွေဟာ မြတ်စွာဘုရားပြီးရင် ဘယ်သူ့ သန္တာန်မှာ ရှိတုန်းဆိုရင် ရှင်မောဂ္ဂလာန်သန္တာန်မှာ ရှိတယ်၊ အားလုံးကြားဖူးကြလိမ့်မယ် နန္ဒောပနန္ဒ နဂါးမင်းကြီးနဲ့ ယှဉ်ပြိုင်ဆိုင်ကြရတဲ့အခါမှာ နဂါးက လည်း တော်တော်အစွမ်းထက်တဲ့ နဂါးကိုး၊ သာမန် တန်ခိုးရှိတဲ့ပုဂ္ဂိုလ်ဟာ တန်ခိုးရှိပေမယ်လို့ လေ့ကျင့်

မထားရင် မထက်မြက်ဘူးပေါ့။ အေး တန်ခိုးမပြောနဲ့ ဘောလုံးသမားတောင် လေ့ကျင့်ရတယ်၊ မလေ့ကျင့်ရင် ခြေကျနေရင် ရှုံးမှာပဲ၊ ဟုတ်ကဲ့လား၊ ဘယ်အရာပဲဖြစ်ဖြစ် ခန္ဓာကိုယ်အနေနဲ့ အကုန် လေ့ကျင့်ထားရတယ်၊ မလေ့ကျင့်လို့ မရဘူး၊ တန်ခိုးဟာလည်း လေ့ကျင့်ရတယ်။

ရှင်မောဂ္ဂလာန် ဘာလို့ တန်ခိုးထက်တာလဲ ဆိုရင် အမြဲတမ်း လေ့ကျင့်တယ်၊ **အာစိဏ္ဏဝသီတာ** လေ့ကျင့်နေသည့်အတွက်ကြောင့် သူက စွမ်းရည်သတ္တိတွေ ထက်တာ၊ သာမန်နေတာ မဟုတ်ဘူး၊ သူက အားနေရင် ဒါပဲ လုပ်နေတာ၊ အပြန်ပြန် အလှန်လှန် သမာပတ်တွေ ဝင်စားတယ်။

အဲဒီမှာ နန္ဒောပနန္ဒနဂါးမင်းနဲ့ ပြိုင်တဲ့အချိန်မှာ နန္ဒောပနန္ဒနဂါးမင်းထက်ကြီးတဲ့နဂါးကြီး ဖန်ဆင်းပြီးတော့ နန္ဒောပနန္ဒနဂါးမင်းကို အပေါ်က ထပ်ပတ်ပြီးတော့ တောင်နဲ့ ဖိညှပ်တဲ့အခါ နာတာပေါ့၊ နာတဲ့အခါကျတော့ "သင် ဘယ်သူတုန်း"ဆိုတော့ "ငါ

မောဂ္ဂလာန်ပဲ" ရှင်မောဂ္ဂလာန်ဆိုရင် ရှင်မောဂ္ဂလာန် ပုံသဏ္ဍာန်နဲ့ ပြပါ"ဆိုတော့ ရဟန်းအသွင်သဏ္ဍာန် နဲ့ ပြလိုက်တယ်၊ အဲဒီပြလိုက်တဲ့အချိန်မှာ ဒီနဂါးက လေနဲ့ ဖူးကနဲ မှုတ်လိုက်တာ သူ့လေက အဆိပ်လေ မဟုတ်လား၊ သူ့နှာကနေပြီးတော့ ဖူးကနဲ မှုတ်လိုက် တဲ့လေနဲ့သာ ထိလိုက်ရင် ပြာဖြစ်သွားမှာ၊ အဲဒီ လောက်ထိအောင် သူကလည်း အစွမ်းထက်တယ်။

အဲဒီအချိန်မှာ ခိပ္ပနိသန္တိဆိုတာ လျင်လျင် မြန်မြန် မလုပ်နိုင်ဘူးဆိုရင် ဒီနေရာမှာ ပြာဖြစ်သွား လိမ့်မယ်၊ အဲဒါ ရှင်မောဂ္ဂလာန်က လေ့ကျင့်ထား တဲ့ပုဂ္ဂိုလ်ဖြစ်တော့ ဖူးလို့ လုပ်လိုက်တာနဲ့ သူက ဖန်ဆင်းပြီးသား ဖြစ်သွားတယ်။

မြတ်စွာဘုရားမှာလည်းပဲ အလွန်ထက်မြက် လျင်မြန်တယ်ဆိုတာ အားလုံးကြားဖူးကြတယ်၊ ထူး မခြားနားသိချင်း ကြားဖူးတယ်မို့လား၊ မီးနဲ့ ရေနဲ့၊ မြတ်စွာဘုရားဟာ ယမကပါဋိဟာရိယ တန်ခိုး ပြာဋိဟာအစုံအစုံပြတော်မူတဲ့အခါမှာ လက်ယာဖက်

မျက်လုံးတော်က နေပြီးတော့ ရေတွေ ပန်းထွက်နေလို့ရှိရင် လက်ဝဲဘက်မျက်လုံးတော်က မီးတွေ ပန်းထွက်နေတယ်၊ ကြည့်တဲ့ပုဂ္ဂိုလ်တွေက ရေနဲ့မီးတစ်စုံ ထွက်လာတယ်၊ တစ်ပြိုင်နက် ထွက်နေတယ်လို့ ထင်ရတယ်၊ ဒါပေမယ့် မြတ်စွာဘုရားလုပ်တာ တစ်ပြိုင်နက်လုပ်လို့ မရဘူး၊ မြန်လွန်းအားကြီးလို့ တစ်ပြိုင်နက်လို့ ထင်ရတယ်။

မီးဖြစ်ဖို့ရာအတွက် တေဇောကသိုဏ်း ဝင်စားရတယ်၊ ဈာန်ဝင်စားပြီးတော့မှ အဘိညာဉ်နဲ့ ဖန်ဆင်းရတယ်၊ ရေထွက်ဖို့ရာတွက် အာပေါကသိုဏ်း ဝင်စားပြီးမှ လုပ်ရတယ်၊ တစ်ချိန်စီ လုပ်ရတယ်၊ သို့သော် သိပ်မြန်လွန်းအားကြီးသည့်အတွက်ကြောင့် ကြည့်လိုက်တဲ့အခါမှာ တစ်ပြိုင်နက်လို့ ထင်ရတယ်။

ဒါ ဖြစ်နိုင်ပါ့မလားလို့ မေးကြည့်လိုက်လို့ရှိရင် မီးစလေးတစ်ခုကို ကောက်ကိုင်ပြီးတော့ ရမ်းကြည့်ပါလား၊ အဝေးကကြည့်နေတဲ့သူက မီးဝိုင်းလေးလို့ မထင်ရဘူးလား၊ မြန်လို့ရှိရင် ထင်တာပဲပေါ့၊ အဲဒီလို

လျှင်မြန်တာ။

ကဲ မျက်တောင်ခတ်တာပဲ ကြည့်ဦး၊ ဘုန်းကြီးတို့တတွေ မျက်တောင်ခတ်လိုက်တဲ့အခါ မျက်စိပိတ်မသွားဘူးလား၊ အဲဒီလို ပိတ်သွားတဲ့အခါမှာ မှောင်သွားတယ်လို့ ခံစားရရဲ့လား၊ မခံစားရဘူး၊ ဘာလို့လဲ မြန်လို့ ဟုတ်ကဲ့လား၊ မျက်စိက အမြဲတမ်း ဖွင့်ပြီးကြည့်နေတယ်လို့ ထင်ရတာ၊ မျက်တောင်လေးခတ်တာ Korea ရုပ်ရှင်ကြည့်ရင် အပြတ်တောင် မခံနိုင်ဘူးနော်၊ အဲဒီလို ဒီလိုလျှင်မြန်လွန်းအားကြီးလို့ရှိရင် အခြားကို မမြင်ရဘူး။

အဲဒါကြောင့်မို့လို့ ထူးမခြားနားသီချင်းမှာ ဆိုထားတဲ့ ယမိုက်ပြာဋိဟာ ရေမီးအစုံဆိုတာ မြန်လွန်းအားကြီးတယ်၊ မြတ်စွာဘုရားရဲ့ တန်ခိုးဖန်ဆင်းမှုဟာ အလွန်မြန်တယ်တဲ့၊ မြတ်စွာဘုရားပြီးရင် အမြန်ဆုံးပုဂ္ဂိုလ်ဟာ ရှင်မောဂ္ဂလာန်ပဲပေါ့၊ ကျန်တဲ့ရဟန္တာတွေဆို မလုပ်နိုင်ဘူးတဲ့, အဲဒီအဆင့်ကို၊ ဒီလောက်မြန်မြန်ကြီး မလုပ်နိုင်ဘူးတဲ့ လုပ်လို့တော့

ရတယ်, မြန်မြန်ကြီး မလုပ်နိုင်ဘူးလို့ ဒီလိုပြောတာ၊ အဲဒါကြောင့်မို့လို့ ဒီဉာဏ်တော်ကြီးဟာ မြတ်စွာဘုရားမှာ အစွမ်းအထက်ဆုံးဖြစ်တယ်။

## (၈) ပုဗ္ဗေနိဝါသဉာဏ်

နောက်တစ်ခုက ဘာတုန်းဆိုရင် **'အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ'** တဲ့၊ အတိတ်ဘဝကနေခဲ့တဲ့ခန္ဓာတွေ, ဆိုလိုတာက အတိတ်ဘဝတွေကို ပြန်လည်အမှတ်ရတဲ့ အသိဉာဏ်မျိုးပေါ့၊ အဲဒီအသိဉာဏ်မျိုးလည်းပဲ မြတ်စွာဘုရားက သူများထက် အစွမ်းထက်တယ်၊ တခြားပုဂ္ဂိုလ်တွေကျတော့ ဆိုပါစို့ - ဗုဒ္ဓရဲ့တရားတော်ရဲ့ နည်းလမ်းမဟုတ်ဘဲနဲ့ လောကီနည်းနဲ့ သမထကျင့်စဉ်ကျင့်လို့ အောင်မြင်သွားတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ နောက်ကြောင်း ပြန်ပြီး ကြည့်မယ်ဆိုရင် ကမ္ဘာ(၄၀)လောက်ပဲ ကြည့်နိုင်တယ်၊ ကမ္ဘာ(၄၀) ဟိုဘက်ကို ကြည့်လို့ မရဘူး၊ သူ့အစွမ်းသတ္တိက အဲဒီလောက်ပဲ ကုန်သွားတယ်၊ ဘာ

ဖြစ်လို့လဲဆိုလို့ရှိရင် သူ့ရဲ့ဉာဏ်က အားမရှိဘူးတဲ့၊ ဘာဖြစ်လို့ အားမရှိလဲဆိုရင် နာမရူပပရိစ္ဆေဒဉာဏ် ရုပ်နဲ့ နာမ်ကို ခွဲခြားသိနိုင်တဲ့ဉာဏ်မျိုး မရှိသည့်အတွက်ကြောင့် ပုဗ္ဗေနိဝါသအနုဿတိဉာဏ်က အားပျော့တယ်လို့ ဒီလိုဆိုလိုတယ်။

မြတ်စွာဘုရားသာသနာတော်မှာ ပုဗ္ဗေနိဝါသအနုဿတိဉာဏ်မျိုးရတဲ့ ပုဂ္ဂိုလ်တွေကျတော့ အင်မတန်မှ အစွမ်းထက်တယ်၊ ဒါ ဘုရား မဟုတ်သေးဘူး၊ ဘုရားရဲ့တပည့်သားတွေဟာ အတိတ်ဘဝကို ပြန်ကြည့်ချင်ပြီဆိုရင် ဘယ်လိုကြည့်ရတုန်းဆိုရင် မွေးတဲ့စိတ်နဲ့ သေတဲ့စိတ်, စုတိနဲ့ ပဋိသန္ဓေ အဲဒီနှစ်ခုကို တန်းစီထားပြီးတော့, ခေါင်းကလေးနှစ်လုံးလိုပေါ့, တန်းစီထားပြီး အဲဒီခေါင်းပေါ်ကနေ လျှောက်သွားတယ်၊ ဟုတ်ကဲ့လား၊ ဒီဘဝမှာ ဘာဖြစ်တယ် ဟိုဘဝမှာ ဘာဖြစ်တယ်ဆိုတာ အသေးစိတ်အကုန်သိတယ်၊ နာမည်က ဘယ်လို, ဘာတွေခံစားခဲ့ရတယ်, ဘာတွေ တွေ့ကြုံခဲ့ရတယ် - အကုန်လုံး

ပြောနိုင်တယ်၊ ဘာတွေ စားခဲ့တယ် ဆိုတာကအစ အကုန်လုံးပြောလို့ ရတယ်။

အဲဒီတော့ ရဟန္တာပုဂ္ဂိုလ်တွေက အတိတ်ကို ပြန်သွားတဲ့အခါမှာ ခုနက အာရုံပြုစရာ မှီစရာ စုတိပဋိသန္ဓေဆိုတဲ့ သီသဆိုတဲ့ခေါင်းကလေးရှိဖို့ လိုတယ်၊ မြတ်စွာဘုရားကျတော့ အဲဒါတွေ မလိုဘူးတဲ့၊ ကြည့်ချင်တဲ့နေရာကို ဖြတ်ပြီး ကြည့်လို့ ရတယ်လို့ ဆိုလိုတယ်၊ စွမ်းရည်သတ္တိချင်း မတူဘူး၊ အင်မတန်မှ ထက်မြက်တယ်၊ မြတ်စွာဘုရားရဲ့ ပုဗ္ဗေနိဝါသအနုဿတိဉာဏ်က အလွန်ထက်မြက်တယ် ပြီးတော့ အကန့်အသတ် မရှိဘူး။

ရှင်သာရိပုတ္တရာရဲ့ပုဗ္ဗေနိဝါသဉာဏ်က သူ့ဘဝကို သူပြန်ကြည့်လို့ရှိရင် တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပဲ ကြည့်လို့ ရတယ်၊ ဟိုဘက် သူကြည့်လို့ မရဘူး၊ ပစ္စေကဗုဒ္ဓါတွေကတော့ သူတို့ဘဝကို ပြန်ကြည့်ချင်လို့ရှိရင် နှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကို သူတို့ပြန်ကြည့်လို့ ရတယ်။

မြတ်စွာဘုရားတွေကျတော့ ပါရမီဖြည့်တာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဖြည့်လို့ လေး အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းနဲ့ ကန့်သတ်သလား ဆိုတော့ မကန့်သတ်ဘူး၊ အဲဒီတော့ ကြည့်ချင် သလောက် အကုန် ကြည့်လို့ ရတယ်လို့ ပြောတာ၊ ဘဝဆိုတာ ဘယ်က စခဲ့တယ်ဆိုတာ မရှိဘူး၊ ဒါ ကြောင့်မို့ မြတ်စွာဘုရားက သတ္တဝါတွေရဲ့အစကို အဝိဇ္ဇာဆိုတဲ့အပိတ်အဆို့က ပိတ်ဆို့ထားပြီးတော့ တဏှာနှောင်ကြိုးနဲ့ သံသရာထဲမှာ ဘဝတစ်ခုကနေ ဘဝတစ်ခု ဖြတ်သန်းလာရတဲ့ သတ္တဝါတွေရဲ့အစ ဆိုတာ မသိနိုင်ဘူးလို့ ဒီလိုဟောတာနော်၊ ဘာဖြစ် လို့တုန်းဆိုတော့ အလွန့်အလွန်ရှည်လို့ မသိနိုင်တာ ကို ပြောတာ၊ မသိနိုင်တာဆိုတာ မရှိဘူးလို့တော့ ပြောတာ မဟုတ်ဘူးနော်၊ အေး ကောင်းပြီ၊ အဲဒီလို မြတ်စွာဘုရားကျတော့ ပုဗ္ဗေနိဝါသအနုဿတိဉာဏ် ဆိုတာ သူများထက်ကို စွမ်းရည်သတ္တိထက်တယ်တဲ့။

ဒါကြောင့်မို့လို့ ဒီဉာဏ်ကြီးနဲ့ ခုနက ဆိုပါစို့- **စူဠပန္ထကရဟန်း** ဉာဏ်လေးတာကိုလည်း ဒီဉာဏ်ကြီးနဲ့ ကြည့်လိုက်တယ်၊ သူ ဘာလုပ်ခဲ့တာတုန်း၊ ဘာကြောင့် ဉာဏ်လေးနေတာလဲ၊ ဉာဏ်တံခါးကို ဘယ်လို ဖွင့်ရမလဲ၊ မြတ်စွာဘုရားက သိတယ်၊ **သုဝဏ္ဏကာရပုတ္တ** ရွှေပန်းတိမ်သည်သားလေး တရားမရတာ ဘာကြောင့်တုန်း၊ သူ့ရဲ့ဉာဏ်တံခါးကို ဘယ်လို ဖွင့်ပေးရမယ် သိတယ်။

**စူဠပန္ထက**ဆိုတာ ဘဝတစ်ခုတုန်းက ဘုရင်ဖြစ်တယ်၊ တိုင်းခန်းလှည့်လည်တဲ့အခါမှာ ခန္ဓာကိုယ်က ထွက်လာတဲ့ချွေးတွေကို ဖြူဆွတ်နေတဲ့ပုဝါလေးနဲ့ မျက်နှာကို သုတ်လိုက်တယ်၊ ပုဝါလေးညစ်နွမ်းသွားတာကို ကြည့်ပြီးတော့ "ငါ့ခန္ဓာကိုယ်ကြီးကို အကြောင်းပြုပြီး ဖြူစင်လှတဲ့ပုဝါလေး ညစ်နွမ်းသွားရပါလား" ဆိုတဲ့သံဝေဂဉာဏ်လေး ဖြစ်ခဲ့ဖူးတယ်၊ အဲဒါနဲ့ ဆက်ပေးလိုက်တာ၊ မြတ်စွာဘုရားက ဒီ

ဇာတ်ကြောင်းကို သိလို့ ဆက်ပေးလိုက်တဲ့အခါ ဉာဏ်က ပွင့်သွား တယ်၊ ဟုတ်ကဲ့လား။

**သုဝဏ္ဏကာရပုတ္တ** ရွှေပန်းတိမ်သည်သားကျ တော့ သူဟာ ဘဝတိုင်း ဘဝတိုင်းမှာ ဘဝငါးရာလုံး လုံး ပန်းတိမ်ဆရာချည်းပဲ ဖြစ်လာတယ်၊ ပန်းတိမ် ဆရာဆိုတာ အလှအပ စိတ်ကူးပြီးတော့ ဆွဲကြိုးတို့ နားထောင်းတို့ ဘယက်တို့ ဒါတွေ လုပ်နေတဲ့ပုဂ္ဂိုလ် တွေဆိုတော့ လှပတဲ့ကြာပန်းလေးကို ဖန်ဆင်းပေး လိုက်တဲ့အခါ သူစိတ်တိုင်းကျသွားတယ်၊ အဲဒါဟာ မြတ်စွာဘုရားက ပုဗ္ဗေနိဝါသအနုဿတိဉာဏ်နဲ့ ကြည့်တာလည်း ဒီဟာတစ်ခုပေါ့၊ ဒီစွမ်းရည်ကြောင့် မို့လို့ အမှန်အတိုင်း ဆုံးဖြတ်နိုင်တယ်လို့ ဒီလို ဆိုလို တယ်။

## (၉) ဒိဗ္ဗစက္ခုဉာဏ်

နောက်နံပါတ်ကိုးကတော့ ဘာလဲလို့ဆိုရင် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခုဆိုတဲ့ နေရာမှာလည်းပဲ တခြား

ပုဂ္ဂိုလ်တွေရဲ့ဒိဗ္ဗစက္ခုထက် ပိုပြီးတော့ မြတ်စွာဘုရား က အစွမ်းထက်တယ်၊ အဲဒီဒိဗ္ဗစက္ခုဉာဏ်ကို အခြေ ခံလိုက်ရင် ဘာဉာဏ်တွေ ရတုန်းဆိုတော့ ယထာ ကမ္မူပဂဉာဏ်၊ ဘာလုပ်ရင် ဘယ်ပုံသွားမယ်ဆိုတာ ကံတွေကိုလည်း သိနိုင်တယ်၊ အဲဒါ **အနာဂတံသ** ဉာဏ်လို့လည်း ခေါ်တယ်၊ အနာဂတ်မှာ ဘာဖြစ် မယ်ဆိုတာ အခုဖြစ်နေတဲ့ အခြေအနေတစ်ခုကို ကြည့်ပြီး ဘာဖြစ်မယ်၊ နောက်ရက် ဘာဖြစ်မယ် နောက်ဘဝ ဘာဖြစ်မယ်ဆိုတာ ကြိုပြောတယ်၊ ဖြစ် နေတဲ့ အခြေအနေတစ်ခုကို ကြည့်ပြီးတော့ ပြော တာ၊ သာမန်ပုဂ္ဂိုလ်တွေတောင်မှပဲ ဘင်္ဂလား ပင်လယ်အော်ထဲမှာ မုန်တိုင်းဖြစ်ဖို့ရာ အင်အားတွေ စုနေတယ်ဆိုတာကို ကြည့်ပြီး ဘယ်နေ့ မုန်တိုင်းဝင် မယ်ဆိုတာ မပြောဘူးလား၊ ပြောနိုင်တယ်။

အေး အဲဒါလိုပဲ မြတ်စွာဘုရားကလည်း လူ တွေရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ကြည့်ပြီးတော့ ဘာဖြစ်မယ်ဆိုတာ ပြောလို့ ရတယ်၊

ဒါ အနာဂတံသဉာဏ်၊ အဲဒီအနာဂတံသဉာဏ်ဟာ ဒိဗ္ဗစက္ခုဉာဏ်ရပြီးမှ ရတဲ့ ဉာဏ်မျိုး။

နောက်တစ်ခါ လူ့ရဲ့စိတ်ကို သိတယ် - **စေတောပရိယဉာဏ်**၊ စိတ်ကို စိတ်နဲ့ သိတယ်၊ သူ ဘာတွေ တွေးနေတယ်, သူ့စိတ်ထဲ ဘာတွေ ဖြစ်လေ့ရှိတယ်၊ ဒီအသေးစိတ်တွေကိုလည်း မြတ်စွာဘုရားက သိတယ်၊ သိတဲ့အခါကျတော့ လူ့စိတ်ကို သိပြီးတော့ ဒီလူတော့ ဘယ်တရားနဲ့ တန်တယ်၊ ဟိုလူကျတော့ ဟိုတရားနဲ့ တန်တယ်ဆိုတာကို ခွဲခြမ်းစိတ်ဖြာပြီး ဟောလိုက်နိုင်တဲ့အခါကျတော့ အကျွတ်တရား မြန်မြန်ရကြတာပေါ့။

## (၁၀) အာသဝက္ခယဉာဏ်

ဟော နောက်တစ်ခုကျတော့ ဘာတုန်းဆိုရင် **အာသဝက္ခယဉာဏ်**တဲ့၊ အာသဝက္ခယဆိုတာ, အာသဝဆိုတာ ဒီမှာတော့ ၄-မျိုး ပေးထားတယ်ပေါ့၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ၊ ဆိုလို

တာကတော့ ကိလေသာတွေအားလုံး မြတ်စွာဘုရား မှာ ငြိမ်းသွားတယ်၊ အာသဝေက္ခယလို့ဆိုတဲ့နေရာ မှာ ဘုန်းကြီးတို့တတွေရဲ့သန္တာန်မှာ မကောင်းတဲ့ လောဘတွေ ဒေါသတွေ အဝိဇ္ဇာတွေ မှားယွင်းတဲ့ အယူအဆတွေ မျက်စိကနေပြီးတော့ စီးဝင်တယ်၊ နားက စီးဝင်တယ်၊ နှာခေါင်းက စီးဝင်တယ်၊ သာ ယာတဲ့ လှပတဲ့အရာလေးကို ကြည့်လိုက်တဲ့အခါမှာ လောဘဖြစ်တယ်၊ အဲဒါ လောဘစီးဝင်လာတာပဲ၊ မျက်စိကနေ စီးဝင်လာတာပဲ၊ ကောင်းတဲ့အသံလေး နားထောင်လိုက်ရတဲ့အခါ ကျေနပ်တယ်၊ နားက လောဘစီးဝင်လာတာပဲ၊ ကောင်းတဲ့အနံ့လေး ရှူ လိုက်ရတဲ့အခါ သဘောကျတယ်၊ ရှူချင်တယ်၊ နှာ ခေါင်းက စီးဝင်လာတာပဲ၊ လျှာကနေ ကောင်းတဲ့ အရသာလေး စားချင်တယ်၊ လျှာက စီးဝင်လာတာပဲ၊ ခန္ဓာကိုယ်က နေပြီးတော့ ကောင်းတဲ့ အထိအတွေ့ လေးထိတွေ့ရင် ထပ်ထိတွေ့ချင်တယ်ဆိုရင် ကိုယ် ကာယဒွါရက စီးဝင်လာတာပဲ၊ စိတ်ကူးစိတ်သန်းထဲ

မယ် ကောင်းတဲ့အတွေးလေး ရလာလို့ နောက်ထပ် တွေးချင်တယ်ဆိုရင်လည်း လောဘက စီးဝင်လာတာပဲ၊ အဲဒီလို ဖြစ်ပေါ်လာတာတွေကို အာသဝလို့ ခေါ်တာ၊ မပြတ်စီးဆင်းနေတာ။

စက္ခု သောတ ဃာန ဇိဝှာ ကာယ မနလို့ ဆိုတဲ့ ဒွါရ ၆-ပါးကနေပြီးတော့ စီးဝင်နေတဲ့ အာသဝတရားတွေကို ကုန်အောင် လုပ်နိုင်တဲ့ အသိဉာဏ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ကို အာသဝက္ခယလို့ ခေါ်တာပဲ။

မြတ်စွာဘုရားဟာ ဒုက္ကရစရိယအကျင့်ကို ပယ်လှန်ပြီးတော့ အာနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်ပွားများပြီး အာနာပါနပေါ်မှာ အခြေစိုက်လို့ သမထကျင့်စဉ်ကို ကျင့်တာ နောက်ဆုံးဘုရားဖြစ်မယ့်နေ့ ပထမယာမ်မှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒုတိယယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ် ရပြီးတော့ သန်းခေါင်ကျော်လာတဲ့နောက်ပိုင်းကျတော့ ဘာဖြစ်လဲဆို ဝိပဿနာကို ကူးလိုက်တဲ့အခါမှာ မဂ်ဉာဏ်အဆင့်ဆင့် ရပြီး

တော့ နောက်ဆုံး အာသဝက္ခယဉာဏ်ရပြီး ဘုရားဖြစ်တာပေါ့။ အဲဒီတော့ ဝိပဿနာနဲ့ သွားတဲ့ဉာဏ်ဟာ ဒီအာသဝက္ခယဉာဏ်ဟာ လောကီဉာဏ်မဟုတ်ဘူး၊ လောကုတ္တရာဉာဏ်။

အဲဒီဉာဏ်ဟာ ဘုရားကိုယ်တိုင် သူကိုယ်တိုင် ပေါက်ရောက်ထားမှ သူများကို ဒီလမ်းက သွား၊ ဒီလိုလုပ်မှ ကိလေသာကုန်တယ်ဆိုတာ ဟောနိုင်တော့ မပေါ့၊ ဒီဉာဏ်မရှိဘဲနဲ့ ဟောမယ် ပြောမယ် ဆိုပြီးတော့ ပြောမယ်ဆိုရင်တော့ ရမ်းဟောတာပဲ ဖြစ်မှာပေါ့နော်။

ဘုန်းကြီးတို့တတွေ ဟောနေတယ်ဆိုတာ ဘုရားက ဟောထားတဲ့နည်းစနစ်ကို ယူပြီးတော့ ဟောကြတာ၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဟောတာ မဟုတ်ဘူး၊ အဲဒီတော့ မြတ်စွာဘုရားဆိုတာ ကိုယ်တိုင်သိပြီးတော့ ဟောတာ ဖြစ်တယ်၊ ဒါကြောင့်မို့ အားလုံးပေါင်းလိုက်တဲ့အခါကျတော့ ဉာဏ်တော်ကြီးက ဆယ်ပါး၊ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါးဆိုတာ ဒါကို

ပြောတာ။

အကျဉ်းချုပ်ပြန်ပြီး ပြောမယ်ဆိုရင် - နံပါတ် (၁) က **ဌာနာဌာနဉာဏ်** ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ၊ နံပါတ် (၂) က **ကမ္မဝိပါကဉာဏ်**၊ ကံတွေရဲ့အကျိုးတရားနဲ့ ပတ်သက်ပြီး ပိုင်ပိုင်နိုင်နိုင်သိတဲ့ဉာဏ်၊ နံပါတ်(၃)က **သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်**၊ ငရဲသွားမလား တိရစ္ဆာန်ဖြစ်မလား၊ ပြိတ္တာဖြစ်မလား၊ လူဖြစ်မလား၊ နတ်ဖြစ်မလား၊ နိဗ္ဗာန်ရောက်မလား ဆိုတာတွေနဲ့ ပတ်သက်ပြီးတော့ ပိုင်ပိုင်နိုင်နိုင် ပြောနိုင်တဲ့ဉာဏ်၊ နံပါတ် (၄)က **အနေကဓာတုဉာဏ်** - ဓာတ်သဘောတွေ မတူညီတာတွေနဲ့ ပတ်သက်ပြီး အမျိုးအစားများတာနဲ့ ပတ်သက်ပြီး ခွဲခြားသိတဲ့ဉာဏ်၊ နံပါတ်(၅)က **နာနာဓိမုတ္တိကဉာဏ်** သတ္တဝါတွေရဲ့နှလုံးသွင်းတွေ အမျိုးမျိုး၊ မတူညီမှုတွေ စိတ်ထားသဘောထားတွေ ကွဲပြားခြားနားမှုကို သိတဲ့ဉာဏ်၊ နံပါတ်(၆)က ဣန္ဒြေတွေရဲ့ တိုးတက်မှု ဆုတ်ယုတ်မှုဆိုတာတွေကို သိတဲ့ **ဣန္ဒြိယပရောပရိယတ္တိ**

ဉာဏ်၊ နံပါတ်(၇)က **ဈာနသမာပတ္တိဉာဏ်** သမထ ကျင့်စဉ်နဲ့ ပတ်သက်တဲ့ စွမ်းရည်သတ္တိထက်မြက်တဲ့သမာဓိ သမာပတ္တိတွေနဲ့ ပတ်သက်တဲ့ဉာဏ်၊ နံပါတ်(၈)က **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**၊ နံပါတ် (၉) က **ဒိဗ္ဗစက္ခုဉာဏ်**နဲ့ နံပါတ်(၁၀)က **အာသဝက္ခယဉာဏ်**။

အဲဒီဉာဏ် ၁၀-ပါးကို **တထာဂတဗလ** ဗုဒ္ဓမြတ်စွာတို့ရဲ့စွမ်းအား ဉာဏ်ဆယ်ပါးလို့ ခေါ်ပါတယ်တဲ့၊ အဲဒီဉာဏ်ဆယ်ပါး ရှိသည့်အတွက်ကြောင့် မြတ်စွာဘုရားဟာ ဒေသနာဉာဏ်တော်ကြီးကို အသုံးချပြီးတော့ ၄၅-ဝါ ကာလပတ်လုံး တရားဓမ္မကို ဟောပြောဆုံးမခဲ့တာ ဖြစ်ပါတယ်၊ ဟောပြောခဲ့သည့်အတွက်ကြောင့် သတ္တဝါမြောက်မြားစွာ မြတ်စွာဘုရားရဲ့တရားဓမ္မကို နာယူပြီးတော့ ကျွတ်တမ်းဝင်ကြလို့ သံသရာဝဋ်က လွတ်သွားတဲ့ပုဂ္ဂိုလ်တွေ, သောတာပန်ဖြစ်လို့ အပါယ်တံခါးပိတ်သွားတဲ့ပုဂ္ဂိုလ်တွေ, အနာဂါမ်ဖြစ်သည့်အတွက်ကြောင့် ကာမဘုံ

တံခါးတွေ ပိတ်သွားတဲ့ပုဂ္ဂိုလ်တွေ, ရဟန္တာဖြစ်သည့် အတွက်ကြောင့် ၃၁-ဘုံက လွတ်သွားတဲ့ပုဂ္ဂိုလ်တွေ ဟာ မြောက်မြားစွာ ရှိတယ်။

ဒါကြောင့်မို့လို့ ဒီဉာဏ်တော်ကြီးကို သိရှိ ကြည်ညိုကြပြီး တို့တတွေဟာလည်းပဲ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ဟောကြားတဲ့တရားဓမ္မအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် နံပါတ်(၁) အပါယ်ဘုံက လွတ်မြောက်ဖို့၊ နံပါတ်(၂) ကာမဘုံက ထွက်ခွာနိုင် ဖို့၊ နံပါတ်(၃) ၃၁-ဘုံလုံးက နေပြီးတော့ ထွက်ခွာနိုင် ဖို့ နောက်ဆုံး နိဗ္ဗာန်ဆိုတဲ့ ထာဝရငြိမ်းတဲ့အငြိမ်း ဓာတ်သန္တိသုခ ထာဝရချမ်းသာတဲ့ ငြိမ်းအေးချမ်းသာ ကို မျက်မှောက်ပြုနိုင်ကြမှာ ဖြစ်တယ်လို့ ကိုယ်စီ ကိုယ်စီ သဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ် တော်မူနိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဓမ္မ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဇျောတိ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ ပုရပိုက်ဓမ္မဖြန့်ချိရေး
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး မွေစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျှက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသဋ္ဌကုရ
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝဓါဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ

၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း

၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ

၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား

၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ

၉၀။ ကမ္မဋ္ဌာန်းဆရာ

၉၁။ ဇာတိမြေမှ သာသနာ

၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ

၉၃။ စရိုက်နှင့်ဝါသနာ

၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်

၉၅။ သာသနာပြုစွမ်းအားစု

၉၆။ လူဆိုးလူမိုက်

၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ

၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း

၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ

၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ

၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်

၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ

၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ

၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား

၁၀၅။ မွေ့သံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး